# ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီအတွက် ဆင့်ပွားကူးပြောင်းရေးစီမံကိန်းလမ်းညွှန်ချက်

## မေရီလန်းပြည်နယ်ပညာရေးဌာန

## အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှု/အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ




ကျောင်းအဆင့်လွန်အောင်မြင်မှုအထိ ကြိုတင်ခန့်မှန်းသူများအဖြစ် ဆောင်ရွက်ပေးသော သက်သေအခြေခံသည့်လေ့ကျင့်မှုများတွင် ကူးပြောင်းရေးလုပ်ငန်းစဉ်ကို တွဲဖက်ထည့်သွင်းထားသည်။

# ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီအတွက် မေရီလန်း၏ဆင့်ပွားကူးပြောင်းရေးစီမံကိန်းလမ်းညွှန်ချက်

© 2019 မေရီလန်းပြည်နယ်ပညာရေးဌာန

အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ၊ လက်ထောက်ပြည်နယ်ကြီးကြပ်ရေးမှူး Marcella E. Franczkowski ၏လမ်းညွှန်ချက်အရ ချမှတ်ဆောင်ရွက်ပါသည်။ ကျေးဇူးပြု၍ အဆိုပါအချက်အလက်နှင့်ပတ်သက်၍ မည်သည့်ပုံစံတူအတွက်မဆို မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲတွင် ကိုးကားချက်ကို ထည့်သွင်းပါ။ မူပိုင်ခွင့်ဥပဒေတွင် အဆိုပါသတ်မှတ်ချက်ကို နားလည်သဘောပေါက်သောကြောင့် "သင့်လျော်သောအသုံးပြုမှု" မဟုတ်သော မည်သည့်အသုံးပြုမှုအတွက်မဆို ခွင့်ပြုချက်ကို တောင်းဆိုရန် မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ၊ 200 အနောက်ဘာက်ဘဲလ်တီမိုးလမ်း၊ ဘဲလ်တီမိုး၊ မေရီလန်း 21201၊ 410-767-0249 အသံသို့ ဆက်သွယ်ပါ။

မေရီလန်းပြည်နယ်ပညာရေးဌာနသည် အလုပ်အကိုင်ကို သက်ရောက်စေသည့် သို့မဟုတ် ပရိုဂရမ်များနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို လုပ်ဆောင်ခွင့်ပေးသည့်အကြောင်းအရာများတွင် လူမျိုး၊ အရောင်အသွေး၊ လိင်၊ အသက်၊ မွေးရပ်မြေနိုင်ငံ၊ ဘာသာရေး၊ ချို့ယွင်းချက် သို့မဟုတ် လိင်ပိုင်းဆိုင်ရာအလေးပေးမှုဟူသော အခြေခံအချက်တို့အပေါ် ခွဲခြားဆက်ဆံခြင်းမရှိဘဲ ကင်းထောက်လူငယ်များနှင့် အခြားသတ်မှတ်ဖွဲ့စည်းထားသော လူငယ်အသင်းအဖွဲ့များကို သာတူညီမျှလုပ်ဆောင်ခွင့်ပေးသည်။ ဌာနမူဝါဒလမ်းစဉ်နှင့်သက်ဆိုင်သည့် စုံစမ်းမေးမြန်းမှုများအတွက် ကျေးဇူးပြု၍ အေဂျင်စီအစုရှယ်ယာစီမံခန့်ခွဲရေးအမှုဆောင်အရာရှိ၊ အစုရှယ်ယာအာမခံနှင့် စီမံဆောင်ရွက်ရေးရုံး၊ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးလက်ထောက်ပြည်နယ်အုပ်ချုပ်ရေးမှူးရုံး၊ မေရီလန်းပြည်နယ်ပညာရေးဌာန၊ 200 အနောက်ဘာက်ဘဲလ်တီမိုးလမ်း၊ ဘဲလ်တီမိုး၊ မေရီလန်း 21201-2595၊ 410-767-0433 အသံ၊ 410-767-0431 ဖက်စ်၊ 410-333-6442 TTY/TDD သို့ ဆက်သွယ်ပါ။

Karen B. Salmon, Ph.D.
ပြည်နယ်ကျောင်းများကြီးကြပ်ရေးမှူး

ဗိုလ်မှူးချုပ် Warner I. Sumpter, USA, Ret.
ဥက္ကဋ္ဌ၊ မေရီလန်းပြည်နယ်ပညာရေးဘုတ်အဖွဲ့

Larry Hogan
ပြည်နယ်အုပ်ချုပ်ရေးမှူး

Carol A. Williamson, Ed.D.
Deputy State Superintendent for Teaching and Learning သင်ကြားရေးနှင့် လေ့လာသင်ယူရေးဆိုင်ရာ လက်ထောက်ပြည်နယ်ကြီးကြပ်ရေးမှူး

Marcella E. Franczkowski, M.S.
လက်ထောက်ပြည်နယ်ကြီးကြပ်ရေးမှူး
အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

200 အနောက်ဘာက်ဘဲလ်တီမိုးလမ်း
ဘဲလ်တီမိုး၊ မေရီလန်း 21201
MarylandPublicSchools.org

# ဤလမ်းညွှန်ချက်အသုံးပြုပုံ

မေရီလန်းပြည်နယ်ပညာရေးဌာန၏ ***ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီအတွက် ကူးပြောင်းရေးစီမံကိန်းလမ်းညွှန်ချက်***သည် ကျောင်းသား/သူများ၊ မိဘများ/အုပ်ထိန်းသူများ၊ ပညာသင်ကြားပေးသူများနှင့် လူမှုအဖွဲ့အစည်းအေဂျင်စီများအား ကူးပြောင်းရေးလုပ်ငန်းစဉ်နှင့်ပတ်သက်၍ အသိပေးချက်ကို ပေးပါသည်။ ကျောင်းသား/သူတိုင်းသည် ရည်မှန်းချက်များနှင့် အကျိုးရလဒ်များကို သီးခြားဖော်ပြမည်ဖြစ်သော်လည်း ဤလမ်းညွှန်ချက်သည် ကောင်းမွန်သောအကျိုးရလဒ်ရရှိနိုင်ရန် ချို့ယွင်းမှုရှိသူများတစ်ဦးချင်းပညာရေးအက်ဥပဒေ(IDEA) အရ ကူးပြောင်းရေးလုပ်ငန်းစဉ်၏ လိုအပ်ချက်များနှင့် အကြံပြုထားသောနည်းဗျူဟာများနှင့် ရင်းမြစ်များနှင့်ပတ်သက်၍ "ကြိုတင်" အသိပေးချက်ကို ပေးပါသည်။

ဤလမ်းညွှန်ချက်သည် အောက်ပါခေါင်းစဉ်အကြောင်းအရာများနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များကို ပေးပါမည် -

- ကူးပြောင်းရေးစီမံကိန်း (IDEA အရ အလုပ်အကိုင်နှင့် တတိယအဆင့်ပညာရေးအကျိုးရလဒ်များ ကို ဦးတည်သည်)
- ပူးပေါင်းပါဝင်သူများ၏ အခန်းကဏ္ဍများနှင့် ပါဝင်ဆောင်ရွက်မှု
- မေရီလန်းအထက်တန်းကျောင်းဒီပလိုမာနှင့် မေရီလန်းအထက်တန်းကျောင်းပရိုဂရမ် ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ်အတွက် လိုအပ်ချက်များ
- မေရီလန်း၏ ဆောင်ရွက်မှုအကျဉ်း (ယခင်က မေရီလန်းကျောင်းထွက်မှတ်တမ်း)
- ခံစားပိုင်ခွင့်နှင့် ရရှိနိုင်ခွင့်
- အရွယ်ရောက်သည့်အသက်
    1. မေရီလန်းအရွယ်ရောက်သူဝန်ဆောင်မှုပေးရေးအေဂျင်စီများ
    2. ပြုပြင်မွမ်းမံရေးဝန်ဆောင်မှုများရေးရာဌာနခွဲ (DORS)
    3. ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းသူများစီမံခန့်ခွဲရေး (DDA)
    4. အပြုအမူပိုင်းဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု (BHA)
    5. အလုပ်သမား၊ လိုင်စင်ထုတ်ပေးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန - အလုပ်သမားအင်အားဖွံ့ဖြိုးတိုးတက်မှုနှင့် အရွယ်ရောက်သူလေ့လာသင်ကြားရေးဌာနခွဲ(DLLR)
- အကျိုးခံစားခွင့်များ
- တတိယအဆင့်ပညာရေး/ချို့ယွင်းမှုရှိသူကူညီပံ့ပိုးရေးဝန်ဆောင်မှုများ
- သယ်ယူပို့ဆောင်ရေး/ ခရီးသွားလာရေးသင်တန်း
- ကျန်းမာရေးစောင့်ရှောက်မှု
- လူမှုအဖွဲ့အစည်းဝင်ရောက်ခွင့်
    1. ဖျော်ဖြေရေး/အပန်းဖြေရေး
    2. အုပ်ထိန်းသူ
    3. လူမှုဖူလုံရေး
    4. ဘဏ္ဍာရေးစီမံကိန်း/အထူးလိုအပ်ချက်များယုံကြည်အပ်နှံမှု/အိမ်ခြံမြေစီမံကိန်း
- ကူးပြောင်းရေးလုပ်ငန်းစဉ် - အေဂျင်စီချိတ်ဆက်မှု

နောက်ဆက်တွဲ A - အကြံပြုထောက်ခံထားသောအချိန်သတ်မှတ်ချက်(များ)

နောက်ဆက်တွဲ B - တတိယအဆင့်ပညာရေး/ချို့ယွင်းမှုရှိသူကူညီပံ့ပိုးရေးဝန်ဆောင်မှုများ FAQs

နောက်ဆက်တွဲ C - တိကျသောသောလူဦးရေများ/ရင်းမြစ်များ

နောက်ဆက်တွဲ D - ကြိမ်ဖန်များစွာအသုံးပြုသောအတိုကောက်စကားလုံးများနှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

# ကူးပြောင်းရေးစီမံကိန်းဆိုသည်မှာ အဘယ်နည်း။

မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှု/အထူးပညာရေးဝန်ဆောင်မှုများဌာနခွဲ၊ ***ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီအတွက် ဆင့်ပွားကူးပြောင်းရေးစီမံကိန်းလမ်း ညွှန်ချက်***သည် ကျောင်းမှ အထက်တန်း အဆင့်ရလဒ်များအထိ ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီအလိုက်လှုပ်ရှားမှုအပေါ် မူတည်သည်။ ဆင့်ပွားကူးပြောင်းရေးစီမံကိန်း၏ အဓိကရည်ညွှန်းချက်မှာ အစီအစဉ်ကျသောကူးပြောင်းရေးလုပ်ဆောင်ချက်များ နှင့် ဝန်ဆောင်မှုများကို အဓိက အလေးပေးဆောင်ရွက်ခြင်းဖြစ်ပြီး တစ်ဦးချင်းပညာရေးပရိုဂရမ်(IEP) ကို တိုက်တွန်းလှုံ့ဆော်ပေးသည်။ အထက်တန်း ကျောင်းမှ အောင်မြင်စွာထွက်ပြီး ကောလိပ်၊ အလုပ်အကိုင်နှင့် လူမှုအဖွဲ့အစည်းအတွက် ပြင်ဆင်ရန်မှာ ကျောင်းသားများ အတွက် အရေးပါသည်။ မေရီလန်းတွင် ကူးပြောင်းရေးစီမံကိန်းနှင့် ကူးပြောင်းရေး ဝန်ဆောင်မှုများအား ပေးပို့ဆောင်ရွက်မှု သည် ကျောင်းသားအသက် ၁၄ နှစ်ရောက်ချိန် IEP နှစ်တွင် စတင်သည်။

ဥပဒေပြဌာန်းချက်၏ ရည်ရွယ်ချက်မှာ "ချို့ယွင်းမှုများရှိသောကလေးအားလုံးအနေဖြင့် ၎င်းတို့၏ ထူးခြားသောလိုအပ်ချက်များကို ရရှိနိုင်စေရန်နှင့် ရေရှည်အလုပ်အကိုင်နှင့် သီးခြားနေထိုင်မှုအတွက် ၎င်းတို့အား ပြင်ဆင်ပေးနိုင်ရန် သတ်မှတ်ထားသောအထူးပညာရေးနှင့် သက်ဆိုင်ရာဝန်ဆောင်မှုများကို အထူးအလေးပေးသည့် အခမဲ့ဖြစ်သော သက်ဆိုင်ရာအစိုးရပညာရေးကို ၎င်းတို့ရရှိနိုင်သည်မှာ သေချာစေရန်" ဖြစ်ကြောင်း ချို့ယွင်းမှုရှိသူများတစ်ဦးချင်းပညာရေးအက်ဥပဒေ (IDEA) တွင် ဖော်ပြထားသည်။ ဥပဒေသည် ကျောင်းသား/သူအား သူ/သူအနေဖြင့် တတိယအဆင့်ရည်မှန်းချက်များနှင့် အကျိုးရလဒ်များကို ရှေ့ဆက်ဆောင်ရွက်နိုင်သည်အထိ ပံ့ပိုးကူညီပေးခြင်းကို အတူတကွလုပ်ဆောင်နိုင်ရန် ပညာသင်ကြားပေးသူများ၊ မိဘများနှင့် လူမှုအဖွဲ့အစည်းအေဂျင်စီများအတွက် လိုအပ်ချက်ကို အလေးထားပါသည်။ ကျောင်းသား/သူများအား သူ သို့မဟုတ် သူမ၏ တတိယအဆင့်ရည်မှန်းချက်ပန်းတိုင်များကို ရောက်ရှိစေရန် လိုအပ်သောကျွမ်းကျင်မှုများကို ပံ့ပိုးပေးနိုင်ရန်အတွက် ကူးပြောင်းရေးဝန်ဆောင်မှုများကို ပေးရပါမည်။

IDEA 2004 မှာ ချို့ယွင်းမှုရှိသောကျောင်းသား/သူအတွက် အောက်ပါပူးပေါင်းဆောင်ရွက်သောလုပ်ဆောင်ချက်များအစု အဖြစ် ကူးပြောင်းရေးဝန်ဆောင်မှုများဟု အဓိပ္ပါယ်ရသည်-

- ရလဒ်များကို အလေးပေးသောလုပ်ငန်းစဉ်တွင် သတ်မှတ်ထားရှိရန်၊ တတိယအဆင့်ပညာရေး၊ သက်မွေးမှုပညာရေး၊ ဘက်စုံအလုပ်အကိုင်၊ ဆက်လက်တက်ရောက်နေသောအရွယ်ရောက်သူပညာရေး၊ အရွယ်ရောက်သူဝန်ဆောင်မှုများ၊ သီးခြားနေထိုင်မှု သို့မဟုတ် လူမှုအဖွဲ့အစည်းပါဝင်ဆောင်ရွက်မှုအပါအဝင် ကျောင်းအဆင့်မှ ကျောင်းလွန်အဆင့်အထိ ၎င်းတို့၏ လှုပ်ရှားမှုကို တိုးမြှင့်ပေးရန် ချို့ယွင်းမှုရှိသူတစ်ဦးချင်း၏ ပညာရေးနှင့် လက်တွေ့လုပ်ငန်းဆောင်ရွက်မှုများအား ရရှိမှုကို အလေးထားမြှင့်တင်ပေးရန်၊
- တစ်ဦးချင်းစီ၏ လိုအပ်ချက်များအပေါ်အခြေခံ၍ ၎င်းတို့၏အားသာချက်များ၊ ဦးစားပေးမှုများနှင့် စိတ်ဝင်စားမှုများကို ထည့်တွက်ရန်နှင့်၊
- ညွှန်ကြားချက်၊ သက်ဆိုင်ရာဝန်ဆောင်မှုများ၊ လူမှုအဖွဲ့အစည်းအတွေ့အကြုံများ၊ အလုပ်အကိုင်ဖွံ့ဖြိုး တိုးတက်မှုနှင့် အခြားကျောင်းပညာရေးအဆင့်လွန် လူကြီးအရွယ်သက်မွေးမှုပိုင်းဆိုင်ရာ ရည်ရွယ်ချက်များနှင့် သက်ဆိုင်ပါက နေ့စဉ်နေထိုင်မှုပုံစံများထိန်းသိမ်းရရှိမှုနှင့် လက်တွေ့အလုပ်အကိုင်တန်ဖိုးချင့်တွက်မှုအား သတ်မှတ်ထည့်သွင်းရန်၊

# ကူးပြောင်းရေးစီမံကိန်း

ကူးပြောင်းရေးစီမံကိန်း၏ ရည်မှန်းချက်မှာ ချို့ယွင်းမှုများရှိသောကျောင်းသား/သူများအား ကျောင်းမှတစ်ဆင့် တိုးတက်ပြီး အရွယ်ရောက်သသည့်အခါ ဘဝအတွက် ပြင်ဆင်နိုင်စေရန်အတွက် ပံ့ပိုးကူညီပေးရန်ဖြစ်သည်။ ဤတွင် ကောလိပ်၊ အလုပ်၊ သယ်ယူပို့ဆောင်ရေး၊ လူနေမှုစီမံခန့်ခွဲရေးများ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နေ့စဉ်နေထိုင်မှုအတွက် စီမံကိန်းပါဝင်သည်။ အရွယ်ရောက်သူလုပ်ဆောင်ချက်များသည် အောက်ပါမည်သည့်အချက်များနှင့်မဆို ပူးပေါင်းဆောင်ရွက်မှုဖြစ်စ်နိုင်သည်-

- ကိုယ်ပိုင်ဆုံးဖြတ်ချက်နှင့် အားပေးထောက်ခံမှု
- လူမှုအဖွဲ့အစည်းတွင် ပါဝင်ဆောင်ရွက်မှု
- တတိယအဆင့်ပညာရေး
- အလုပ်အကိုင်လေ့ကျင့်ရေး
- အများနည်းတူ အလုပ်ခန့်အပ်ရေး
- သီးခြားနေထိုင်မှု
- အရွယ်ရောက်သူဝန်ဆောင်မှုချိတ်ဆက်မှုများ

ကျောင်းသား/သူတစ်ဦး၏ အနာဂတ်ကူးပြောင်းရေးစီမံကိန်းသည် အလုပ်အကိုင်သိရှိမှုနှင့် စူးစမ်းလေ့လာမှုလုပ်ဆောင် ချက်များနှင့်အတူ အခြေခံမူလတန်းကျောင်းတွင် စောစောစတင်သည်။ သမာရိုးကျကူးပြောင်းရေးစီမံကိန်းသည် ကျောင်းသား/သူအသက် ၁၄ နှစ်ရောက်ချိန် IEP လုပ်ငန်းစဉ်မှတစ်ဆင့် စတင်ပြီး IEP ၏ဖွံ့ဖြိုးတိုးတက်ရေးကို တိုက်တွန်းလှုံ့ဆော်ပေးလျက်ရှိသည်။ မိဘများနှင့် ပညာသင်ကြားပေးသူများထံမှ ပံ့ပိုးကူညီမှုနှင့်အတူ ကျောင်းသား/သူများသည် အလုပ်အကိုင်၊ တတိယအဆင့်ပညာရေး သို့မဟုတ် အလုပ်လေ့ကျင့်ရေးနှင့် သက်ဆိုင်ပါက သီးခြားနေထိုင်မှုနယ်ပယ်များတွင် တတိယအဆင့်ရည်မှန်းချက်များကို ခွဲခြားသတ်မှတ်နိုင်သည်။ အဆိုပါတတိယအဆင့်ရည်မှန်းချက်များသည် အသက်အရွယ်နှင့် သင့်တော်သောကူးပြောင်းရေးအကဲဖြတ်ချင့်တွက်မှုများ၏ ရလဒ်များအပေါ် မူတည်သည်။

## *ကူးပြောင်းရေးအစီအစဉ်ကို ဘာကြောင့်လိုအပ်ပါသလဲ။*

ကျောင်းသား/သူအား ကျောင်းနေအရွယ်မှ အရွယ်ရောက်သည့်ဘဝအထိ အဆင်ပြေချောမွေ့သောကူးပြောင်းမှုဖြစ်စေရန် လိုအပ်သောကျွမ်းကျင်မှုများနှင့် ဝန်ဆောင်မှုများဖြင့် ပေးမည်ဖြစ်ကြောင်း သေချာစေရန်အတွက် ကူးပြောင်းရေးအစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်သည်။ IEP ရှိသောကျောင်းသား/သူများအတွက် အစိုးရကျောင်းပညာရေးစနစ်များနှင့် ပုဂ္ဂလိကကျောင်းများသည် IEP အသင်းအဖွဲ့မှ သင့်တော်သည်ဟုယူဆသော အထောက်အကူပြုနည်းပညာ၊ လုပ်ငန်းပိုင်းဆိုင်ရာလေ့ကျင့်ရေးသင်တန်း၊ ကိုယ်ရေးကိုယ်တာအကူအညီနှင့် အခြားပံ့ပိုးကူညီမှုများပါဝင်နိုင်သည့် ပညာရေးပိုင်းဆိုင်ရာပံ့ပိုးကူညီမှုများကို ပေးသည်။ ကျောင်းသား/သူများသည် အထက်တန်းကျောင်းမှ ထွက်သည့်အခါ အဆိုပါပံ့ပိုးကူညီမှုများကို ကျောင်းစာသင်နှစ်များတစ်လျှောက် ရရှိနိုင်သည့်တိုင် အလိုအလျောက်မပေးတော့ပါ။ (ရရှိနိုင်ခွင့်နှင့် ခံစားပိုင်ခွင့်အပိုင်းကို ကြည့်ရှုပါ)

## *ကူးပြောင်းရေးစီမံကိန်းတွင် မည်သည်တို့ပါဝင်ပါသလဲ။*

IEPs ကျောင်းသား/သူများအနေဖြင့် ၎င်းတို့ ဘွဲ့ရပြီးနောက် လုပ်ဆောင်ရမည့်အရာကို ခွဲခြားသတ်မှတ်ပြီး အဆိုပါရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိစေရန် လိုအပ်သော ကျွမ်းကျင်မှုများ၊ လေ့ကျင့်ရေး၊ ပညာရေးနှင့်/သို့မဟုတ် ရင်းမြစ်များကို စဉ်းစားသုံးသပ်ချိန်တွင် ကူးပြောင်းရေးစီမံကိန်းလုပ်ငန်းစဉ်ဖြစ်ပေါ်လာသည်။ ၎င်းတွင် -

- သက်ဆိုင်ရာအရွယ်ရောက်သူဝန်ဆောင်မှုအေဂျင်စီများအား ခွဲခြားသတ်မှတ်ခြင်းနှင့် အသုံးပြုခြင်း၊
- အနာဂတ်ကျောင်းများ၊ အလုပ်ရှင်များ သို့မဟုတ် ဝန်ဆောင်မှုပေးသူများအတွက် လိုအပ်သောစာရွက်စာတမ်းများစုစည်းခြင်း၊
- သင်တန်းကူးပြောင်းရေးကိစ္စများနှင့် သင့်တော်သလို လိုအပ်သောပံ့ပိုးကူညီမှုများကို ဆုံးဖြတ်ခြင်း
- ကျောင်းသား/သူအား အဆိုပါရည်မှန်းချက်ပန်းတိုင်များအထိ ရောက်ရှိစေရန် လုပ်ဆောင်ပေးခြင်းတို့လည်း ပါဝင်သည်။

## *ကူးပြောင်းရေးအတွက် စီမံကိန်းသည် မည်သည့်အချိန်တွင် စတင်ပါသလဲ။*

ကူးပြောင်းရေးစီမံကိန်းသည် ကျောင်းသား/သူအသက် ၁၄ နှစ်အောက်မဟုတ်ဘဲ အသက်ပြည့်သည့်နှစ်တွင် စတင်သည်။ ထိုအချိန်တွင် ကျောင်းသား/သူ၏ တတိယအဆင့်ရည်မှန်းချက်များနှင့် ကူးပြောင်းရေးဝန်ဆောင်မှုများပါဝင်သည့် တရားဝင်ကူးပြောင်းရေးအစီအစဉ်ကို IEP တွင် တိုးချဲ့ထည့်သွင်းရမည်။ ဤသည်မှာ အလွန်စောသည်ဟု ထင်မှတ်နိုင်သော်လည်း ကျောင်းသား/သူများအနေဖြင့် ၎င်းတို့အား တတိယအဆင့်ရည်မှန်းချက်များအောင်မြင်စေရန် လိုအပ်သောကျွမ်းကျင်မှုများနှင့် အတွေ့အကြုံများရရှိလိုပါက ဂရုတစိုက်စီစဉ်ဆောင်ရွက်မှုမျိုးလိုအပ်သည်။ အသက် ၁၄ နှစ်အရွယ်တွင် ကူးပြောင်းရေးစီမံကိန်းကို စတင်ခြင်းသည် ကျောင်းသား/သူအား ၎င်းတို့၏ တတိယအဆင့်ရည်မှန်းချက်ရရှိနိုင်ခွင့်များကို စူးစမ်းလေ့လာပြီး ကူးပြောင်းရေးအတွေ့အကြုံများနှင့် ရရှိသောအတွေ့အကြုံများအပေါ်မူတည်၍ ၎င်းတို့အား ပြုပြင်ပေးနိုင်မည့် သို့မဟုတ် ပြောင်းလဲပေးနိုင်မည့်အချိန်ကို ပေးသည်။ ထို့အပြင် ၎င်းသည် ကောလိပ်တွင် ပညာရေးပိုင်းဆိုင်ရာ အကူအညီများ၊ အလုပ်သင်တန်း၊ ကိုယ်ပိုင်စောင့်ရှောက်မှုအကူအညီ၊ အိမ်နေရာအထိုင်ချခြင်း၊ သို့မဟုတ် အခြားအရွယ်ရောက်သူဝန်ဆောင်မှုများကဲ့သို့ တတိယအဆင့်ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများကို လျှောက်ထားရမည့်အချိန်ကိုလည်း ပေးသည်။

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

# ပူးပေါင်းပါဝင်သူများ၏ အခန်းကဏ္ဍများနှင့် ပါဝင်ဆောင်ရွက်မှု

အရေးကြီးသည်မှာ တတိယအဆင့်ရည်မှန်းချက်များအား ကိုယ်စားပြုခြင်းသည် ကူးပြောင်းရေးလုပ်ငန်းစဉ်အား ကူညီပံ့ပိုးပေးနိုင်ပြီး ကျောင်းသား/သူအား သတ်မှတ်ထားသောရည်မှန်းချက်များအောင်မြင်ရရှိစေရန် ကူညီပေးနိုင်သည့် အစုရှယ်ယာရှင်များဖြစ်သည်။ အစုရှယ်ယာရှင်များသည် အခန်းကဏ္ဍအသီးသီးနှင့် တာဝန်အမျိုးမျိုးဖြင့် ကူးပြောင်းရေးစီမံကိန်းဇယားတွင် ပါဝင်သည်။

| ပူးပေါင်းပါဝင်သူ | အခန်းကဏ္ဍများ/တာဝန်များ |
|---|---|
| **ကျောင်းသား/သူ** | ○ ကူးပြောင်းရေးစီမံကိန်းတွင် ပါဝင်ခြင်း<br>○ အားသာချက်များနှင့် စိန်ခေါ်မှုများကို ခွဲခြားသတ်မှတ်ခြင်း<br>○ အကျိုးအမြတ်နှင့် ဦးစားပေးမှုများကို ဖော်ပြခြင်း<br>○ တတိယအဆင့်ရည်မှန်းချက်များကို ခွဲခြားသတ်မှတ်ခြင်း<br>○ IEP တွင် ကူးပြောင်းရေးကိစ္စများတွင် ပါဝင်ခြင်း |
| **မိဘ/ အုပ်ထိန်းသူ** | ○ IEP နှင့် ကူးပြောင်းရေးအသင်းအဖွဲ့စီမံကိန်းအစည်းအဝေးများတွင် ပါဝင်ခြင်း<br>○ ကျောင်းသား/သူ၏ အားသာချက်များ၊ စိတ်ဝင်စားမှုများကို မျှဝေခြင်းနှင့် IEP အသင်းအဖွဲ့နှင့်အတူ လိုအပ်ချက်များကို ကူညီပံ့ပိုးပေးခြင်း<br>○ ကျောင်းသား/သူအား အခြားကူးပြောင်းရေးပူးပေါင်းပါဝင်သူများအား ကူညီခွင့်ပေးခြင်း<br>○ ကျောင်းသား/သူ၏ ရည်မှန်းချက်များအတွက် ထောက်ခံအားပေးခြင်း<br>○ အလားအလာရှိသောအလုပ်အကိုင်အခွင့်အလမ်းများအတွက် အဆက်အသွယ်များနှင့် ကွန်ရက်များကို မျှဝေခြင်း<br>○ ကူးပြောင်းရေးပူးပေါင်းပါဝင်သူများအား တုံ့ပြန်မှုပေးခြင်း<br>○ ကူးပြောင်းရေးအချိန်ကာလအား ပြန်လည်ဆန်းစစ်ခြင်းနှင့် လိုအပ်ပါက အကူအညီတောင်းခံခြင်း |
| **ကျောင်းပညာရေး စနစ်** | ○ မိဘ/အုပ်ထိန်းသူများအား ပြည်နယ်နှင့် လူမှုရေးအဖွဲ့အစည်းအေဂျင်စီများနှင့် ဆက်သွယ်ရန် ခွင့်ပြုခြင်း<br>○ ကူးပြောင်းရေးကို ဆွေးနွေးသည့်အခါ IEP အသင်းအဖွဲ့အစည်းအဝေးများသို့ ပူးပေါင်းပါဝင်သူများအား ဖိတ်ကြားခြင်း<br>○ ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ (DORS) ၊ ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းသူများစီမံခန့်ခွဲရေး (DDA)နှင့် အပြုအမူပိုင်းဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု (BHA) ကဲ့သို့ ပြည်နယ်အေဂျင်စီများမှ တတိယအဆင့်ဝန်ဆောင်မှုများအတွက် လျှောက်ရာတွင် မိဘ/အုပ်ထိန်းသူများအား ကူညီဆောင်ရွက်ပေးခြင်း<br>○ ကျောင်းသား/သူ၏ IEP တွင် ဖော်ပြထားသည့်အတိုင်း စစ်မှန်သောအလုပ်ပတ်ဝန်းကျင်များတွင် ညွှန်ကြားချက်နှင့် အလုပ်အတွေ့အကြုံများကို ပေးခြင်း<br>○ အရည်အချင်းပြည့်မီသောကျောင်းသား/သူများနှင့် အရည်အချင်းပြည့်မီနိုင်သောကျောင်းသား/သူများအား ခွဲခြားသတ်မှတ်ကြောင်း သေချာစေရန်နှင့် ကြိုတင်အလုပ်အကိုင်ကူးပြောင်းရေးဝန်ဆောင်မှုများ (Pre-ETS) ကို လက်ခံရရှိရန် DORS နှင့် ပူးပေါင်းလုပ်ဆောင်ခြင်း<br>○ ကျောင်းပညာရေးစနစ်မှ ထွက်ခြင်းအပေါ်မူတည်၍ ကျောင်းသား/သူအား ဝန်ဆောင်မှုများပေးနိုင်သည့် ပြည်နယ်အေဂျင်စီများအတါက် ကူးပြောင်းရေးစီမံကိန်းကိစ္စများနှင့် လျှောက်တင်မှုလုပ်ငန်းစဉ်/ အချိန်သတ်မှတ်ချက်နှင့်ပတ်သက်၍ မိဘများအတွက် အသိပေးခြင်းဆိုင်ရာ တွေ့ဆုံမှုများကို ပြုလုပ်ပေးခြင်း<br>○ ထွက်ပြီးနောက် ကျောင်းသား/သူတိုးတက်မှုနှင့် အခြေအနေကို မှတ်တမ်းပြုစုတင်ပြခြင်း |

| ပူးပေါင်းပါဝင်သူ | အခန်းကဏ္ဍများ/တာဝန်များ |
| --- | --- |
| **မေရီလန်းပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ (DORS)** | ○ ကူးပြောင်းရေးစီမံကိန်းအစည်းအဝေးများတွင် ပါဝင်ခြင်း/ ဖြစ်နိုင်ပါက IEP အစည်းအဝေးများကို တက်ရောက်ခြင်း<br>○ အလုပ်အကိုင်အတွက် သီးခြားအစီအစဉ်(IPE) လုပ်ဆောင်ရန် အရည်အချင်းပြည့်မီသောကျောင်းသား/သူများအား ၎င်းတို့၏ အထက်တန်းကျောင်းနောက်ဆုံးနှစ်မတိုင်မီ အတူတကွစတင်လုပ်ဆောင်ခြင်း<br>○ တတိယအဆင့်ပညာရေးနှင့်/သို့မဟုတ် အလုပ်အကိုင်ကို အောင်မြင်စွာကူးပြောင်းနိုင်ရေးအတွက် လိုအပ်သောဝန်ဆောင်မှုများကို ခွဲခြားသတ်မှတ်ခြင်း<br>○ ကျောင်းသား/သူများအား အလုပ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်ဝန်ဆောင်မှုများကို ထောက်ပံ့ပေးနိုင်ရန် လူမှုအဖွဲ့အစည်းပြန်လည်ထူထောင်ရေးဝန်ဆောင်မှုပေးသူများ (CRPs) နှင့် စာချုပ်ချုပ်ဆိုခြင်း<br>○ အရည်အချင်းပြည့်မီသော အသက် ၁၄-၂၂ နှစ်အရွယ် အထက်တန်းကျောင်းသား/ သူများအား အလုပ်စူးစမ်းရှာဖွေရေးဆွေးနွေးတိုင်ပင်ခြင်း၊ အလုပ်အပေါ် အခြေခံသည့် လေ့လာသင်ယူရေးအတွေ့အကြုံများ၊ ကိုယ်တိုင်ထောက်ခံအား ပေးမှုဆိုင်ရာ ညွှန်ကြားချက်၊ တတိယအဆင့်ပညာရေးတွင် အခွင့်အလမ်းကို တိုင်ပင်ဆွေးနွေးခြင်းနှင့် အလုပ်ခွင်နေရာတွင် အသင့်လေ့ကျင့်ရေးတို့ ပြုလုပ်ရရှိနိုင်သည့်နေရာများတွင် ကြိုတင်အလုပ်အကိုင်လေ့ကျင့်ရေးဝန်ဆောင်မှုများ(Pre-ETS)တို့ ထောက်ပံ့ပေးခြင်း |
| **မေရီလန်းဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ ချို့ယွင်းမှုများစီမံခန့်ခွဲရေး (DDA)** | ○ ကူးပြောင်းရေးစီမံကိန်းတွင် ပါဝင်ခြင်း<br>○ ကျောင်းသား/သူများသည် ဝန်ဆောင်မှုများကို သတ်မှတ်ပြီး ရယူခွင့်ရှိသည့် သက်ဆိုင်ရာအထောက်အထားရှိကြောင်း သေချာစေရန် အခြားကူးပြောင်းရေးပူးပေါင်းပါဝင်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခြင်း<br>○ ကျောင်းထွက်ခြင်းအပေါ်မူတည်၍ အရည်အချင်းပြည့်မီသောတစ်ဦးချင်းတို့အတွက် ရေရှည်ထောက်ပံ့မှုကို ပေးခြင်း<br>○ ကျောင်းနေအရွယ်မှ အရွယ်ရောက်သည်အထိ ကူးပြောင်းရေးတွင် ကူညီပေးရန် လူမှုအဖွဲ့အစည်းဝန်ဆောင်မှုများပူးပေါင်းဆောင်ရွက်ပေးသူ (CCS) နှင့်ဆက်သွယ်ခြင်း |
| **အရွယ်ရောက်သူဝန်ဆောင်မှုပေးသူများ၊ လူမှုအဖွဲ့အစည်းပြန်လည်ထူထောင်ရေးဝန်ဆောင်မှုပေးသူများ (CRPs)** | ○ ကူးပြောင်းရေးစီမံကိန်းတွင် ပါဝင်ခြင်း<br>○ အလုပ်အခြေခံသည့်အတွေ့အကြုံများကို မြှင့်တင်ရန်နှင့် ကျောင်းမထွက်မီနှင့် ထွက်ပြီး အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်လေ့ကျင့်မှုကို ပေးရန် ကျောင်းပညာစနစ်များနှင့် DORS နှင့်အတူ ပဋိညာဉ်စာချုပ်သဘောတူညီချက်များတွင် ပါဝင်ခြင်း<br>○ အထက်တန်းကျောင်းထွက်ခြင်းအပေါ်မူတည်၍ အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင်လေ့ကျင့်မှုပေးရန် DORS နှင့် DDA အသုံးပြုသူများအတွက် ဝန်ဆောင်မှုများနှင့် ကူညီပံ့ပိုးမှုများကို ပေးခြင်း |
| **ကောလိပ်များ၊ တတိယအဆင့်ပညာရေးလေ့ကျင့်မှုပရိုဂရမ်များ** | ○ ကောလိပ်နယ်မြေတွင် ချို့ယွင်းသူကူညီပံ့ပိုးမှုဝန်ဆောင်မှုများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုတွင် လိုက်လျောညီထွေညှိနှိုင်းမှုများကို ခွဲခြားသတ်မှတ်ရန်နှင့် လိုအပ်ချက်များကို ကူညီပံ့ပိုးရန် ကျောင်းသား/သူနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း<br>○ အလုပ်အကိုင်များတွင်ပါဝင်ခွင့်နှင့် ပံ့ပိုးကူညီမှုကို ပေးခြင်း |

# မေရီလန်းအထက်တန်းကျောင်းဒီပလိုမာနှင့် မေရီလန်းအထက်တန်းကျောင်းပရိုဂရမ်ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ်အတွက် လိုအပ်ချက်များ

## *မေရီလန်းအထက်တန်းကျောင်းဒီပလိုမာ (COMAR 13A.03.02.09 ကိုကြည့်ရှုပါ)*

- အောက်ပါကျောင်းသား/သူအား မေရီလန်းအထက်တန်းကျောင်းဒီပလိုမာကို ပေးအပ်ရမည်-
    a. စာရင်းပေးသွင်းခြင်း၊ ကြွေးမြီနှင့် ဝန်ဆောင်မှုများဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပြီးသူ
    b. ဒေသဆိုင်ရာကျောင်းပညာရေးစနစ်များသည် အပိုကြွေးမြီလိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည် သို့မဟုတ် ပြည်နယ်မှ သတ်မှတ်ဖော်ပြထားသောအနည်းဆုံးအရာများထက် ဒေသဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်သည့်လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် ကျောင်းသား/သူများ အတွက် ခံစားခွင့်အဖြစ် ဒီပလိုမာတွင် ရေးသားထောက်ခံချက်များကို ထည့်သွင်းနိုင်သည်။

- ပိုမိုသိရှိလိုပါက သို့ဝင်ရောက်ကြည့်ရှုရန်- http://www.marylandpublicschools.org/programs/Documents/Testing/GraduationsRequirements2018.pdf

## *မေရီလန်းအထက်တန်းကျောင်းပရိုဂရမ်ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ် (COMAR 13A.03.02.09E ကိုကြည့်ရှုပါ)*

- ဒီပလိုမာအတွက် လိုအပ်ချက်များမရှိနိုင်ဘဲ အောက်ပါစံသတ်မှတ်ချက်များသာ ရှိနိုင်သည့် ချို့ယွင်းမှုများရှိသော ကျောင်းသား/သူများကိုသာ မေရီလန်းအထက်တန်းကျောင်းပရိုဂရမ်ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ် ပေးအပ်ရမည် -
    a. ၈ တန်းအထက် သို့မဟုတ် ၎င်းနှင့်သက်တူရွယ်တူဖြစ်သော ကျောင်းသား/သူအား အနည်းဆုံး ၄ နှစ်ကြာ ပညာရေးပရိုဂရမ်တွင် စာရင်းသွင်းပြီး အလုပ်ခွင်လောကသို့ ဝင်ရောက်ရန် တစ်ဦးချင်းစီအတွက် သက်ဆိုင်ရာကျွမ်းကျင်မှုများကို တိုးမြှင့်ပေးရန်၊ နိုင်ငံသားတစ်ဦးအနေဖြင့် တာဝန်ကျေပွန်စွာလုပ်ဆောင်နိုင်ရန်နှင့် ပြီးပြည့်စုံသောဘဝကို ရရှိပိုင်ဆိုင်နိုင်စေရန် ချို့ယွင်းမှုရှိသောကျောင်းသား/သူ၏ မိဘများ၏ သဘောတူညီချက်ဖြင့် IEP အသင်းအဖွဲ့မှ ဆုံးဖြတ်သတ်မှတ်၍ ကန့်သတ်မထားဘဲ ပါဝင်သည်မှာ -
        - အကျိုးရှိသောအလုပ်အကိုင်၊
        - တတိယအဆင့်ပညာရေးနှင့် လေ့ကျင့်ရေး၊
        - အထောက်အကူပြုသောအလုပ်အကိုင်နှင့်
        - လူမှုအဖွဲ့အစည်းတွင် ပါဝင်သောအခြားဝန်ဆောင်မှုများ သို့မဟုတ်
    b. ၈ တန်းအထက် သို့မဟုတ် ၎င်းနှင့်သက်တူရွယ်တူဖြစ်သော ကျောင်းသား/သူအား ၄ နှစ်ကြာ ပညာရေးပရိုဂရမ်တွင် စာရင်းသွင်းပြီး လာမည့်ကျောင်းပညာသင်နှစ်၏ ပထမရက်မတိုင်မီ အသက် ၂၁ နှစ်ပြည့်ရမည်။

- ကျောင်းသား/သူ၏ ကျွမ်းကျင်မှုများကို ဖော်ပြသည့် မေရီလန်းစွမ်းဆောင်ရည်အကျဉ်းသည် မေရီလန်းအထက်တန်းပညာရေးပရိုဂရမ်ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ်နှင့်အတူ ပါရှိသည်။

- ကျောင်းသား/သူ၏ အထက်တန်းကျောင်းနောက်ဆုံးနှစ်စတင်ပြီးသည့်နောက်အထိ ချို့ယွင်းမှုများရှိသော ကျောင်းသား/သူအား မေရီလန်းအထက်တန်းကျောင်းပရိုဂရမ်ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ်ပေးအပ်ရန် နောက်ဆုံးဆုံးဖြတ်ချက်ကို ချမည်မဟုတ်ပါ။

- သိသာထင်ရှားသောချို့ယွင်းမှုရှိသည့် ကျောင်းသား/သူတစ်ဦးသည် အထက်တန်းကျောင်းဘွဲ့လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်သည်မှာ အကယ်၍ ကျောင်းသား/သူသည် အောက်ပါတို့ကို လုပ်ဆောင်ပါက-
    a. သမာရိုးကျမဟုတ်သောပညာရေးပြီးမြောက်စံသတ်မှတ်ချက်များအပေါ် အခြေခံသည့် သမာရိုးကျမဟုတ်သောအကဲဖြတ်ချင့်တွက်မှု(AA-AAAS) တွင် ပါဝင်ခြင်းနှင့်

b. အထက်တန်းကျောင်းမှတစ်ဆင့် သမာရိုးကျမဟုတ်သောပညာရေးပြီးမြောက်မှု စံသတ်မှတ်ချက်များအပေါ် အခြေခံသည့်ညွှန်ကြားချက်ကို ဆက်လက်လုပ်ဆောင်ခြင်း။

- ကျောင်းသား/သူ၏ ပညာရေးပရိုဂရမ်မပြီးဆုံးမီ ကျောင်းသား/သူသည် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ပါဝင်ပါက ကျောင်းပညာရေးစနစ်အနေဖြင့် အခမ်းအနားတွင် ကျောင်းသား/သူအား ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ် သို့မဟုတ် ဒီပလိုမာအစား အခြားအလားတူအသိအမှတ်ပြုလက်မှတ်ကို ထုတ်ပေးရမည်။ (COMAR 13A.03.02.09E(3)

## ***မေရီလန်းစွမ်းဆောင်ရည်အကျဉ်း (MSOP)***

မေရီလန်းသည် IEPs နှင့်အတူ ကျောင်းသား/သူများအား ၎င်းတို့ ကျောင်းအဆင့်မှ ကျောင်းလွန်အဆင့်လုပ်ငန်း ဆောင်ရွက်မှုများအထိ မကူးပြောင်းမီ မေရီလန်းစွမ်းဆောင်ရည်အကျဉ်း (MSOP) ကို ပေးသည်။ 2004 ခုနှစ် ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီပညာရေးအက်ဥပဒေ၏ ပြန်လည်ခွင့်ပြုမိန့်ဖြင့် MSOP ကို လိုအပ်ပါသည်။ မေရီလန်းတွင် IEPs ရှိသောကျောင်းသား/သူအားလုံးထံသို့ မေရီလန်းအထက်တန်းကျောင်းဒီပလိုမာ သို့မဟုတ် မေရီလန်းအထက်တန်းကျောင်းပရိုဂရမ်ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ်ဖြင့် ကျောင်းမထွက်မီ အဆိုပါစာရွက်စာတမ်းကို ပေးအပ်သည်(COMAR 13A.03.02.09E (2)ကို ကြည့်ရှုပါ)။

## ***မေရီလန်းစွမ်းဆောင်ရည်အကျဉ်း (MSOP) သည် ဘာကြောင့်အရေးကြီးပါသလဲ။***

မေရီလန်းစွမ်းဆောင်ရည်အကျဉ်းသည် ကျောင်းထွက်သည့် IEPs ကျောင်းသား/သူများအား ကျောင်းအဆင့်မှ ကျောင်းလွန်အဆင့်ဆောင်ရွက်မှုများအထိ ကူးပြောင်းရာတွင် အသုံးပြုနိုင်သည့် အရေးကြီးသောအချက်အလက်ကို ပေးသည်။ အဆိုပါဆောင်ရွက်မှုများတွင် အလုပ်အကိုင်၊ တတိယအဆင့်ပညာရေး၊ ပံ့ပိုးကူညီပေးသောအလုပ်အကိုင် သို့မဟုတ် လူမှုအဖွဲ့အစည်းပြန်လည်ထူထောင်ရေးဝန်ဆောင်မှုပေးသူများမှ လုပ်ဆောင်ပေးသည့်သီးခြားနေထိုင်မှုတို့ ပါဝင်နိုင်သည်။MSOP ကို ကျောင်းသား/သူများ၏ IEP  တစ်စိတ်တစ်ပိုင်းအဖြစ် လုပ်ဆောင်ပြီး စုစည်းထားသော အချက်အလက်သည် ကျောင်းသား/သူ၊ မိသားစုနှင့် IEP အသင်းအဖွဲ့ထံမှ ဖြည့်သွင်းချက်အပေါ်မူတည်သည်။

MSOP သည် အလားအလာရှိသောအလုပ်သမားများ၊ တတိယအဆင့်ပညာရေးအဖွဲ့အစည်းများနှင့် လူငယ်၏ ကျွမ်းကျင်မှုများ၊ အားသာချက်များနှင့် သူ/သူမအနေဖြင့် အောင်မြင်ရန် လိုအပ်နိုင်သော မည်သည့်ပံ့ပိုးကူညီမှုများနှင့်မဆို ပတ်သက်သည့် အရွယ်ရောက်သူဝန်ဆောင်မှုပေးသူ၏ အဓိပ္ပါယ်ပြည့်စုံသောအချက်အလက်ကို ပေးနိုင်သည်။ မေရီလန်းစွမ်းဆောင်ရည်အကျဉ်းတွင် အပိုင်းလေးပိုင်းရှိသည်။ အပိုင်းတစ်ပိုင်းစီကို အောက်တွင် ဖော်ပြထားနိုင်သည်။

အပိုင်း ၁ - နောက်ခံအချက်အလက်
အပိုင်း ၂ - ကျောင်းသား/သူ၏ တတိယအဆင့်ရည်မှန်းချက်များ
အပိုင်း ၃ - စွမ်းဆောင်ရည်အကျဉ်း (ပညာရေး၊ သိမှတ်မှုနှင့် လက်တွေ့ဆောင်ရွက်ရေးအဆင့်များ)

# အပိုင်း ၄ - တတိယအဆင့်ရည်မှန်းချက်များရရှိစေသောအကြံပြုချက်များ

## ခံစားပိုင်ခွင့်နှင့် ရရှိနိုင်ခွင့်

အစိုးရပညာရေးခံစားပိုင်ခွင့်နှင့် အရွယ်ရောက်သူဝန်ဆောင်မှုများရရှိနိုင်ခွင့်ကြား ကွာခြားချက်ကို နားလည်ခြင်းသည် အလွန်ရှုပ်ထွေးသည်။ မေရီလန်းတွင် အထူးပညာရေးဝန်ဆောင်မှုများ ကို ရရှိထားသည့် ချို့ယွင်းမှုရှိသောလူငယ်သည် ၎င်းတို့အသက် ၂၁ နှစ်ရောက်ချိန် ကျောင်းပညာသင်နှစ်တစ်လျှောက် အခမဲ့ဖြစ်သော သက်ဆိုင်ရာအစိုးရပညာရေးကို ခံစားပိုင်ခွင့်ရှိသည် သို့မဟုတ် မေရီလန်းအထက်တန်းကျောင်းဒီပလိုမာ သို့မဟုတ် မေရီလန်းအထက်တန်းကျောင်း ပရိုဂရမ်ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ်အတွက် လိုအပ်ချက်များကို ရရှိပါသည်။ IEP အသင်းအဖွဲ့မှ သတ်မှတ်ဆုံးဖြတ်သည့်အတိုင်း ကျောင်းသား/သူ၏ တစ်ဦးချင်းပညာရေးပရိုဂရမ် (IEP) တွင် အဆိုပါဝန်ဆောင်မှုများကို မှတ်တမ်းပြုစုပြီး ဒေသခံကျောင်းပညာရေးစနစ်တွင် ထောက်ပံ့ပေးသည်။ မေရီလန်းအထက်တန်းကျောင်းဒီပလိုမာ သို့မဟုတ် မေရီလန်းကျောင်းပညာရေးပရိုဂရမ်ပြီးမြောက်ကြောင်းအသိအမှတ်ပြုလက်မှတ်နှင့်အတူ ကျောင်းပညာရေးစနစ်မှထွက်သော ကျောင်းသား/သူတစ်ဦးကို ဝန်ဆောင်မှုများထပ်မံပေးအပ်မည်မဟုတ်ပါ။ ဤအချက်တွင် တစ်ဦးချင်းစီတို့သည် ၎င်းတို့အား လက်ခံရရှိရန် ရွေးချယ်ပါက အရွယ်ရောက်သူဝန်ဆောင်မှုများကို လျှောက်ရမည်။ ရရှိနိုင်ခွင့်စံသတ်မှတ်ချက်ကို ရရှိသည့်အပြင် အရွယ်ရောက်သူဝန်ဆောင်မှုအေဂျင်စီများ(ဥပမာ -DORS၊ DDA နှင့် BHA)မှ ဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများကို လက်ခံရရှိရန် ငွေကြေးထောက်ပံ့ခြင်းရှိနိုင်သည်။ အောက်တွင် ဇယားကို ကြည့်ရှုပါ။

| **ခံစားပိုင်ခွင့်**<br>**ကျောင်းတွင် စာရင်းသွင်းချိန်** | **ရရှိနိုင်ခွင့် (ADA နှင့်ပုဒ်မ 504)**<br>**ကျောင်းမှထွက်ပြီးနောက် သို့မဟုတ် အသက် ၂၁ နှစ်** |
|---|---|
| ချို့ယွင်းမှုရှိသူများတစ်ဦးချင်းပညာရေးအက်ဥပဒေ (IDEA) သည် ချို့ယွင်းမှုများရှိသောကျောင်းသား/သူများအား အခမဲ့ဖြစ်သော သက်ဆိုင်ရာမူလတန်းနှင့် အလယ်တန်းပညာရေးကို ခွင့်ပြုရန် ရည်ရွယ်သည့် "ခံစားပိုင်ခွင့်" ဥပဒေဖြစ်သည်။ | ချို့ယွင်းမှုများရှိသောအမေရိကန်လူမျိုးများ (ADA) သည် ရရှိနိုင်ခွင့်နှင့်သက်ဆိုင်သည်။ ပုဒ်မ 504 နှင့် ADA ၏ ရည်မှန်းချက်သည် အတားအဆီးများကို ဖယ်ရှားရန်နှင့် သက်ဆိုင်ရာလိုက်လျောညီထွေညှိနှိုင်းမှုများကို ခွင့်ပြုရန်ဖြစ် သည်။ ချို့ယွင်းမှုရှိသူများသည် မိဘ သို့မဟုတ် မိသားစုမဟုတ်ဘဲ တစ်ဦးတည်းသော ဆက်သွယ်ရမည့် သူဖြစ်လာသည်။ |
| • အခမဲ့ဖြစ်သော သက်ဆိုင်ရာအများပြည်သူ ပညာရေး (FAPE)<br>• အနည်းဆုံးကန့်သတ်ထားသည့်ပတ်ဝန်းကျင်(LRE)<br>• အထူးရေးဆွဲထားသောညွှန်ကြားချက် (SDI)<br>• သက်ဆိုင်ရာဝန်ဆောင်မှုများ<br>• ရေရှည်ပညာရေး၊ အလုပ်အကိုင်နှင့် သီးခြားနေထိုင်မှုအတွက် ပြင်ဆင်ခြင်း<br>• ကျောင်းသား/သူများ ကျောင်းတွင် အောင်မြင်မှုရရှိစေမည့် ဝန်ဆောင်မှုများကို ပေးခြင်း<br>• ကျောင်းပညာရေးစနစ်တစ်ခုလုံးတွင် ရယူခွင့်ရှိသော ဝန်ဆောင်မှုများ | • တတိယအဆင့်ဝန်ဆောင်မှုများအား ရရှိနိုင်ခွင့်ကို အာမမခံပါ<br>• တစ်ဦးချင်းစီတို့သည် ဝန်ဆောင်မှုကို ရရှိနိုင်ခွင့်ရှိရမည်<br>• ဝန်ဆောင်မှုများသည် ငွေကြေးထောက်ပံ့ခြင်းနှင့် ရရှိနိုင်ခွင့်အပေါ် မူတည်သည်<br>• တတိယအဆင့်ဝန်ဆောင်မှုများကိုသာ အသေအချာရရှိနိုင်သည်<br>• တစ်ဦးချင်းစီတို့အား သာတူညီမျှရယူပိုင်ခွင့်ကို ပေးသည်<br>• ဝန်ဆောင်မှုများကို ရရှိရန် တာဝန်မှာ တစ်ဦးချင်း/ မိဘ/ အုပ်ထိန်းသူနှင့်သက်ဆိုင်သည်<br>• ဝန်ဆောင်မှုများကိုပေးရန် သတ်မှတ်နေရာတွင် လုံလောက်သောဝန်ထမ်း၊ လုပ်ဆောင်နိုင်စွမ်း နှင့်/သို့မဟုတ် ငွေကြေးထောက်ပံ့မှုများရှိပါက ဝန်ဆောင်မှုများကို ပေးနိုင်သည်<br>• ကိုယ်တိုင်အားပေးထောက်ခံသည် လိုက်လျောညီထွေညှိနှိုင်းမှုများရရှိနိုင်ရန် လိုအပ်သည်။ |

### *အရွယ်ရောက်သူအသက်.*

အရွယ်ရောက်သူအသက်ကို တရားဝင်အားဖြင့် အရွယ်ရောက်သူ၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များအားလုံးနှင့်အတူ အရွယ်ရောက်သူတစ်ဦးအဖြစ် သတ်မှတ်ခံရသည့် အသက်အရွယ်ဟု အဓိပ္ပါယ်ဖွင့်ဆိုပါသည်။ အရွယ်ရောက်သည့်အသက်ဟု အသုံးပြုသည့်အခါ ၎င်းသည် ယေဘုယျအားဖြင့် အရွယ်ရောက်သူဟု ယူဆသတ်မှတ်သော အသက်အရွယ်ရောက်သည့် လူငယ်၏ အသက်အရွယ်ကို ရည်ညွှန်းသည်။ မေရီလန်းတွင် ယင်းအသက်မှာ ၁၈ နှစ်ဖြစ်သည်။ အနည်းဆုံး အသက် ၁၈ နှစ်မပြည့်မီ ရှေ့တစ်နှစ်တွင် တစ်ဦးချင်းအား IDEA ရှိ ၎င်းတို့၏ လုပ်ပိုင်ခွင့်များကို အသိပေးအကြောင်းကြားရမည်။ မေရီလန်းတွင် ပညာရေးဆိုင်ရာဆုံးဖြတ်ချက်ခြင်းသည် ကန့်သတ်ထားသောအခြေအနေများမှလွဲ၍ အရွယ်ရောက်သည့်အသက်အရွယ်ရှိသော ချို့ယွင်းမှုရှိသောကျောင်းသား/သူအား အလိုအလျောက်လွှဲပြောင်းမပေးပါ။ (ပညာရေးဆိုင်ရာအကြောင်းအချက် §8-412.1၊ မေရီလန်း၏ ရေးသွင်းသည့်စည်းမျဉ်း)

### *မေရီလန်းပြည်နယ်အရွယ်ရောက်သူဝန်ဆောင်မှုအေဂျင်စီများ*

အောက်ပါအပိုင်းသည် ရရှိနိုင်ခွင့်ရှိသောသူတစ်ဦးချင်းစီတို့အတွက် ဝန်ဆောင်မှုများ သို့မဟုတ် ပံ့ပိုးကူညီမှုများကို ပေးနိုင်သည့် ပြည်နယ်အေဂျင်စီလေးခုဖြစ်သည်။ တစ်ဦးချင်းစီတို့သည် အေဂျင်စီတစ်ခုစီအတွက် တိကျသောရရှိနိုင်ခွင့်စံသတ်မှတ်ချက်နှင့် ကိုက်ညီရမည်။ ပြည်နယ်အေဂျင်စီလေးခုနှင့် ၎င်းတို့၏ အရည်အချင်းပြည့်မီမှုစံသတ်မှတ်ချက်ဆိုင်ရာ အတိုချုံးကို ဖော်ပြထားသည်။

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ 

# မေရီလန်းပြည်နယ်အရွယ်ရောက်သူဝန်ဆောင်မှုများ-DORS

| အေဂျင်စီအမည်နှင့် ဖော်ပြချက် | အေဂျင်စီအကြောင်းအရာ |
|---|---|
| **ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ (DORS)** | http://www.dors.maryland.gov/ |
| **ဤအေဂျင်စီသည် ဘာလုပ်ပါသလဲ။** မေရီလန်းပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ (DORS) သည် အလုပ်အကိုင်နှင့်ပတ်သက်သောအရာအားလုံးနှင့်သက်ဆိုင်သည်။ သင်အလုပ်လုပ်လိုပါက DORS မှ သင့်အား ကူညီပေးလိုပါသည်။ DORS သည် အထက်တန်းကျောင်းသား/သူများ၊ ကောလိပ်ကျောင်းသား/သူများနှင့် အခြားအတည်ပြုထောက်ခံထားသည့်ပရိုဂရမ်များတွင် ပါဝင်သောကျောင်းသား/သူများအား အလုပ်အတွက် အသင့်ဖြစ်စေရန် ကူညီပေးသည်။ DORS သည် ချို့ယွင်းမှုရှိသူများကိုလည်း အလုပ်ရှာပေးသည်။ သင်သည် အလုပ်လုပ်လိုပြီး သင့်အတွက် အလုပ်ရှာရန် သို့မဟုတ် လုပ်ကိုင်ရန် အခက်အခဲဖြစ်စေသော ချို့ယွင်းမှုတစ်ခုရှိနေပါက DORS မှ သင့်အား ကူညီပေးနိုင်ပါသည်။<br><br>DORS သည် အထောက်အထားရှိသော ချို့ယွင်းမှုများရှိသူလူငယ်အား အလုပ်အကိုင်အတွက် ပြင်ဆင်ပေးရန် အထူးပရိုဂရမ်နှစ်ခုကို ပေးသည် -<br>● အနည်းဆုံးအသက် ၁၄ နှစ်ရှိသည့်ကျောင်းသား/သူများ၊ အနည်းဆုံးအထက်တန်းကျောင်းအဆင့်ရှိသည့် ကျောင်းသား/သူများနှင့် အသက် ၂၁ နှစ်အောက်ကျောင်းသား/သူများအတွက် ကြိုတင်အလုပ်အကိုင်ကူးပြောင်းရေးဝန်ဆောင်မှုများ။ ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ http://dors.maryland.gov/Brochures/Pre-ETS_Fact_Sheet.pdf သို့ဝင်ရောက်ကြည့်ရှုပါ။<br>● နောက်ဆုံးနှစ်မတိုင်မီ အထက်တန်းနှင့် အထက်တန်းကျောင်းသား/သူများနှင့် ကျောင်းပြင်ပရှိလူငယ်များအတွက် အလုပ်အကိုင်ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုသည် ကြိုတင်အလုပ်အကိုင်ကူးပြောင်းရေးဝန်ဆောင်မှုများထက် နောက်ထပ်အလုပ်အကိုင်ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများကို ရွေးချယ်နိုင်သည်။ လူတစ်ဦးတစ်ယောက်သည် အလုပ်အကိုင်ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများကို လျှောက်ထားနိုင်ပြီး သင့်လျော်မှုရှိရမည်။ အဆိုပါဝန်ဆောင်မှုများအတွက် စောင့်ဆိုင်းနေသည့်စာရင်းရှိနိုင်သည်။<br><br>DORS သည် မေရီလန်းရှိ အစိုးရအထက်တန်းကျောင်းတိုင်းတွင် ကူးပြောင်းရေးအတိုင်ပင်ခံပုဂ္ဂိုလ်များကို ခန့်အပ်ထားပြီး အထူးသဖြင့် အလုပ်အကိုင်အတွက် ပြင်ဆင်ပေးရန် သိသာထင်ရှားသောချို့ယွင်းမှုများရှိသည့် ကျောင်းသား/သူများနှင့်အတူ လုပ်ကိုင်လျက်ရှိသည်။ DORS ကူးပြောင်းရေးအတိုင်ပင်ခံပုဂ္ဂိုလ်သည် ကျောင်းအဆင့်မှ တတိယအဆင့်ပညာရေး သို့မဟုတ် အလုပ်အကိုင်အထိ အဆင်ပြေချောမွေ့သောကူးပြောင်းမှု သေချာစေရန် ကူးပြောင်းရေးစီမံကိန်းနှင့်အတူ ကူညီရန် ဝန်ဆောင်မှုများ (အလုပ်အကိုင်တိုင်ပင်ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်ချက်ခြင်း၊ အထောက်အကူပြုနည်းပညာ၊ အလုပ်ပြင်ဆင်ခြင်း၊ တတိယအဆင့်ပညာရေးအကူအညီ၊ အလုပ်နေရာချခြင်းဝန်ဆောင်မှုများနှင့် အလုပ်လမ်းညွှန်ခြင်းဝန်ဆောင်မှုများကဲ့သို့) အတွက် ထောက်ပံ့ရန်နှင့် စီစဉ်ပေးရန်နှစ်ခုလုံးအတွက် အရည်အချင်းပြည့်မီသောကျောင်းသား/သူများနှင့်အတူ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။<br><br>**လျှောက်ထားရမည့်အချိန်-** သင်၏ အထက်တန်းကျောင်းပထမနှစ်အစောပိုင်းတွင် DORS ကျောင်းသား/သူဝန်ဆောင်မှုများနှင့် အသေအချာချိတ်ဆက်ပြီး သင်၏ အထက်တန်းကျောင်းနောက်ဆုံးနှစ်နှစ်တွင် နောက်ထပ်ဝန်ဆောင်မှုများကို လျှောက်ထားပါ။ အရည်အချင်းပြည့်မီသောကျောင်းသား/သူများသည် အနည်းဆုံးအထက်တန်းကျောင်းအဆင့် အသက် ၁၄ နှစ်အရွယ်တွင် ကြိုတင်အလုပ်အကိုင်ကူးပြောင်းရေးဝန်ဆောင်မှုများကို တောင်းဆိုနိုင်သည်။ ကျောင်းသား/သူများသည် ၎င်းတို့၏အထက်တန်းကျောင်းနောက်ဆုံးနှစ်မတိုင်မီ DORS မှတစ်ဆင့် အလုပ်အကိုင်ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများကို လျှောက်ထားနိုင်ကြောင်း အကြံပြုအပ်ပါသည်။ အရည်အချင်းပြည့်မီပါက ၎င်းတို့အား ကျောင်းသား/သူအဖြစ် မသတ်မှတ်တော့ဘဲ တစ်ဦးချင်းစီအနေဖြင့် အလုပ်အကိုင်ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများကို ရရှိနိုင်သည်။ ၎င်းတို့၏ အထက်တန်းကျောင်းနောက်ဆုံးနှစ်နှစ်တွင် ကျောင်းသား/သူများနှင့်အတူ လုပ်ဆောင်ခြင်းသည် DORS ကူးပြောင်းရေးအတိုင်ပင်ခံပုဂ္ဂိုလ်များအား ကူးပြောင်းရေးစီမံကိန်းလုပ်ဆောင်ရန်နှင့် ကျောင်းအဆင့်မှ တတိယအဆင့်ပညာရေး သို့မဟုတ် အလုပ်အကိုင်အထိ အဆင်ပြေချောမွေ့သောကူးပြောင်းရေးကို အသေအချာကူညီပေးရန် လုံလောက်သောအချိန်ကို ပေးသည်။ | **မည်သူသည် ဝန်ဆောင်မှုများကိုရရှိနိုင်ပါသလဲ။**<br>DORS ဝန်ဆောင်မှုများကို ခံစားခွင့်ရှိနိုင်ရန် သင်သည် အလုပ်တွင် သင့်စွမ်းဆောင်ရည်ကို သက်ရောက်စေသည့် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှု ရှိရမည်ဖြစ်ပြီး အလုပ်ရရှိရန် သို့မဟုတ် လုပ်ကိုင်ရန် အလုပ်အကိုင်ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများကို လိုအပ်ရမည်။ သင်သည် အပိုအာမခံဝင်ငွေ (SSI) နှင့်/သို့မဟုတ် ချို့ယွင်းမှုရှိသူ လူမှုဖူလုံရေးအာမခံ (SSDI) ကို ရရှိခံစားလိုပါက သင့်အား DORS ဝန်ဆောင်မှုများရရှိနိုင်ကြောင်း မှတ်ယူပါသည်။ DORS ရရှိနိုင်ခွင့်နှင့် ရွေးချယ်မှုအစီအစဉ်နှင့်ပတ်သက်၍ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ https://dors.maryland.gov/consumers/Pages/eligibility.aspx သို့ဝင်ရောက်ကြည့်ရှုပါ။<br><br>**ဝန်ဆောင်မှုများအား စတင်လုပ်ဆောင်ပုံ -** သင် သို့မဟုတ် အောက်တွင် ဖော်ပြထားသော မည်သူမဆို သင်၏ ဒေသဆိုင်ရာ DORS ရုံးသို့ ခေါ်ဆိုဆက်သွယ်နိုင် သည် သို့မဟုတ် အေဂျင်စီဝက်ဘ် ဆိုက်တွင် အွန်လိုင်းလွှဲပြောင်းမှု ဖောင်ပုံစံတွင် ဖြည့်စွက်နိုင်သည် -<br>● မိဘ၊ အုပ်ထိန်းသူသဘောတူညီမှုရှိသော ကျောင်းဝန်ထမ်း။<br>● မိဘများ သို့မဟုတ် အခြားမိသားစုဝင်များ။<br>● ဝန်ဆောင်မှုပေးသူများ။<br><br>http://www.dors.maryland.gov/consumers/Pages/referral.aspx |

# မေရီလန်းပြည်နယ်အရွယ်ရောက်သူဝန်ဆောင်မှုများအေဂျင်စီ-DDA

<table>
<tr><th>အေဂျင်စီအမည်နှင့် ဖော်ပြချက်</th><th>အေဂျင်စီအကြောင်းအရာ</th></tr>
<tr><td>ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းသူများစီမံခန့်ခွဲရေး (DDA)</td><td>https://dda.health.maryland.gov/Pages/dda.aspx</td></tr>
<tr><td>ဤအေဂျင်စီသည် ဘာလုပ်ပါသလဲ။<br>ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းသူများစီမံခန့်ခွဲရေး(DDA) သည် ပူးပေါင်းဆောင်ရွက်သော ဝန်ဆောင်မှုပေးရေးစနစ်ကို ထောက်ပံ့ ပေးသည့်အတွက် ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းမှုများရှိသူများသည်ပူးပေါင်းထားသော၏အများနည်းတူအလုပ်အကိုင်အား ထည့်သွင်းထိန်းသိမ်းခြင်းအပါအဝင် ၎င်းတို့၏ လူမှုအဖွဲ့အစည်းထဲသို့ အပြည့်အဝပူးပေါင်းမှုရည်မှန်းချက်သို့ ဦးတည်သည့်သက်ဆိုင်ရာဝန်ဆောင်မှုများကို လက်ခံရရှိသည်။ DDA ၏ လူမှုအဖွဲ့အစည်းအခြေပြု ဝန်ဆောင်မှုပေးရေးစနစ်တွင် အိမ်နှင့် လူမှုအဖွဲ့အစည်းအခြေပြု ဝန်ဆောင်မှုမျိုးစုံနှင့် ဆင်းရဲသူများ အတွက် ဆေးဝါးကူညီမှုအစီအစဉ်၊ သက်ညှာခွင့်ပရိုဂရမ် သို့မဟုတ် DDA ၏ပြည်နယ်ငွေကြေးထောက်ပံ့ရေးဝန်ဆောင်မှုများမှတစ်ဆင့် ရရှိခွင့်ရှိသောသူများအား ပေးအပ်သော ကူညီပံ့ပိုးမှုများပါဝင်သည်။<br><br>လျှောက်ထားရမည့်အချိန်- သင်သည် DDA ဝန်ဆောင်မှုများကို အချိန်မရွေးအသက်အရွယ်မရွေးလျှောက်ထားနိုင်သည်။ မည်သည့် DDA ဝန်ဆောင်မှုများကိုမဆို ရရှိနိုင်သော DDA အတွက် သင်အား တွေ့ရှိပါသည်။ အထူးသဖြင့် TY ဝန်ဆောင်မှုများကို သင်လျှောက်ပါက အသက် ၁၄ နှစ်အရွယ်တွင် ဝန်ဆောင်မှုပေးသည့် DDA ဒေသဆိုင်ရာရုံးကို ဆက်သွယ်ပါ။ သင်သည် သင်၏ ရရှိနိုင်ခွင့်ကို သတ်မှတ်ရန် လျှောက်လွှာကို ပြင်ဆင်ရန် သို့မဟုတ် ဖြည့်ရန် အကူအညီတောင်းခံနိုင်သည်။ DDA သက်ညှာခွင့်လျှောက်လွှာများအားလုံးကို ငွေကြေးထောက်ပံ့ခြင်း အတွက် သတ်မှတ်ရန် ရရှိနိုင်သည့်နှစ်၏ ဇွန်လ ၃၀ ရက်တွင် အပြီးအစီး လုပ်ဆောင်ရမည်။ ကူးပြောင်းမှုပြုလုပ် သည့် ရက်စွဲမှာ ၂၁ နှစ်ပြည့်ပြီးနောက်တွင် ဖြစ်ပါက ထိုသူသည် အထက်တန်းကျောင်းထွက်သည့်ရက်စွဲ သို့မဟုတ် အထက်တန်းဘွဲ့ရသည့် ရက်စွဲပြီးနောက် တစ်နှစ်တာ ခံစားခွင့် ရရှိနိုင်ပါသည်။ နောက်ပိုင်းတင်သွင်းသော လျှောက်လွှာများကို သက်ညှာခွင့်စာရင်းတွင် ထားရှိမည်။ လျှောက်လွှာများကို www.dda.health.maryland.gov/Docu-ments/dda_ea_application_updated.pdf အွန်လိုင်းတွင်ရရှိနိုင်ပါသည်။</td><td>မည်သူသည် ဝန်ဆောင်မှုများကို ရရှိနိုင်ပါသလဲ။<br>DDA- ငွေကြေးထောက်ပံ့ရေးဝန်ဆောင်မှုများသည် ခံစားပိုင်ခွင့်မဟုတ်ပါ။ တစ်စိတ်တစ်ပိုင်းအနေဖြင့် ကူးပြောင်းရေးလူငယ် (TY) ဝန်ဆောင်မှုများအတွက် ငွေကြေးထောက်ပံ့မှုသည် DDA ၏ ဗဟိုအစိုးရ၏ သက်ညှာခွင့်ပရိုဂရမ်သုံးခုဖြစ်သော - လူမှုအဖွဲ့အစည်းလမ်းစဉ်များ၊ မိသားစုပံ့ပိုးကူညီမှုများ၊ သို့မဟုတ် လူမှုအဖွဲ့အစည်းပံ့ပိုးကူညီမှုများအနက် ပရိုဂရမ်တစ်ခုမှ ဖြစ်လာသည်။ သက်ညှာမှုများသည် DDA အား ဗဟိုအစိုးရ၏ သက်ကြီးရွယ်အိုများအတွက် ဆေးဝါးကူညီမှုနှင့် ဆင်းရဲသူများအတွက် ဆေးဝါးကူညီပေးမှုဆိုင်ရာ ဝန်ဆောင်မှုများပေးရေးစင်တာများ(CMS)မှ ငွေကြေးထောက်ပံ့ပေးခြင်းဖြင့် သီးခြားဝန်ဆောင်မှုများကို ပေးသည်။ ထို့အပြင် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ လူငယ်ပဏာမခြေလှမ်းကူးပြောင်းခြင်း (GTYI) သည် ကျောင်းထွက်သည့် အရည်အချင်းပြည့်မီသောကျောင်းသား/သူများအတွက် DDA ဘတ်ဂျက်ဖြင့် ငွေကြေးထောက်ပံ့မှုများကို ကြိုတင်လျာထားသည်။ GTYI သည် DDA နှင့် မေရီလန်း၏ ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ (DORS) ဌာနခွဲကြား စပ်တူလုပ်ကိုင်ရာမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။<br><br>TY ကနဦးဆောင်ရွက်မှုကို ရရှိနိုင်ရန်အတွက် လူတစ်ဦးတစ်ယောက်အား အောက်ပါစံသတ်မှတ်အပေါ် အခြေခံ၍ ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းမှုရှိသူအဖြစ် လုံးဝခံစားခွင့်ရှိနိုင်သည်ဟု တွေ့ရှိရပါသည် -<ul><li>မေရီလန်းဒေသခံ</li><li>သက်ညှာခွင့်ရရှိနိုင်သူ</li><li>အသက် ၂၁ နှစ်ပြည့်သူ</li><li>ပြင်းထန်သော နာတာရှည်ချို့ယွင်းမှုရှိသူ-<ul><li>စိတ်ရောဂါစစ်ဆေးတွေ့ရှိချက်ထက် အခြားသောရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာချို့ယွင်းမှုကို မှတ်ယူခြင်း။</li><li>သီးသန့်စီစဉ်ပူးပေါင်းဆောင်ရွက်ထားသော ဝန်ဆောင်မှုများကို ရရှိရန် လိုအပ်ချက်တွင် ရှိသောရလဒ်များ။</li><li>မရေမရာဆက်လက်လုပ်ဆောင်ဟန်တူသည့် ဝန်ဆောင်မှုများအတွက် လိုအပ်ချက်တွင် ရှိသောရလဒ်များ။</li><li>အသက် ၂၂ နှစ်မတိုင်မီ ထွက်ပေါ်လာသောရလဒ်များ။</li><li>သီးခြားနေထိုင်ရန် မတတ်နိုင်မှုတွင် ရှိသောရလဒ်များ။</li></ul></li></ul>မှတ်ချက် -ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းသူအား ရောဂါစစ်ဆေးတွေ့ရှိချက်မှာ ထိုလူတစ်ယောက်သည် အလိုအလျောက်ခံစားခွင့်ရရှိနိုင်သည်ဟု မဆိုလိုပါ။<br><br>ပိုမိုသိရှိလိုပါက သင်၏ ဒေသဆိုင်ရာရုံးသို့ ဆက်သွယ်ပါ -<ul><li>မေရီလန်းအလယ်ပိုင်း (Anne Arundel၊ Baltimore၊ Baltimore မြို့ Harfordနှင့် Howard တွင် ဆောင်ရွက်ခြင်း) 1401 Severn လမ်း၊ Baltimore၊ MD 21230၊ 410-234-8200</li><li>မေရီလန်းတောင်ပိုင်း (Calvert၊ Charles၊ Montgomery၊ Prince George'sနှင့် St. Mary's တွင် ဆောင်ရွက်ခြင်း) 312 Marshall ရိပ်သာ၊ Laurel၊ MD 20707၊ 301-362-5100</li><li>မေရီလန်းအနောက်ပိုင်း - (Allegany၊ Carroll၊ Frederick၊ Garrett နှင့် Washington တွင် ဆောင်ရွက်ခြင်း) 1360 Marshall လမ်း၊ Hagerstown၊ MD 21740, 301-362-5100</li><li>အရှေ့ဘက်ကမ်းခြေ - (Caroline၊ Cecil၊ Dorchester၊ Kent၊ Queen Anne's၊ Somerset၊ Talbot၊ Wicomicoနှင့် Worcester တွင် ဆောင်ရွက်ခြင်း) 926 Snowhill လမ်း၊ တိုက်နံပါတ် 100၊ Salisbury၊ MD 21802 ၊ 410-334-6920</li></ul></td></tr>
</table>

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ 

# မေရီလန်းပြည်နယ်အရွယ်ရောက်သူဝန်ဆောင်မှုများအေဂျင်စီများ -BHA

| အေဂျင်စီအမည်နှင့် ဖော်ပြချက် | အေဂျင်စီအကြောင်းအရာ |
|---|---|
| **အပြုအမူပိုင်းဆိုင်ရာ ကျန်းမာရေစီမံခန့်ခွဲမှု (BHA)** | https://bha.health.maryland.gov/pages/index.aspx |
| **ဤအေဂျင်စီသည် ဘာလုပ်ပါသလဲ။** BHA သည် စိတ်ရောဂါနှင့်/သို့မဟုတ် အရက်သေစာနှင့် မူးယစ် ဆေးဝါးအသုံးပြုမှုပြဿနာများရှိသူတို့အား စီမံဆောင်ရွက်ပေး သည့် မေရီလန်းပြည်နယ်ကျန်းမာရေးဌာန (MDH) ၏ တစ်စိတ် တစ်ပိုင်းဖြစ်သည်။ ဒေသဆိုင်ရာ အပြုအမူပိုင်းဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှု (LBHA) သို့မဟုတ် ဗဟိုဝန်ဆောင်မှုအေဂျင်စီများ(CSA) ဟုခေါ်သောဒေသဆိုင်ရာအေဂျင်စီများမှတစ်ဆင့် BHA သည် စိတ်ရောဂါဆိုင်ရာ အတွင်းလူနာပြုစုစောင့်ရှောက်မှု၊ ဒေသတွင်းနေထိုင်သူကုသမှု၊  ပုံမှန်နှင့် ပြင်းထန်သောပြင်ပလူနာ ပြုစုစောင့်ရှောက်မှု၊ အရေးပါသောဝန်ဆောင်မှုများ၊ ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ၊ မိသားစုပံ့ပိုးကူညီမှု၊ စိတ်ရောဂါရှိသူတို့အတွက် ပံ့ပိုးကူညီထားသောနေရာထိုင်ခင်းနှင့် ပံ့ပိုးကူညီထားသောအလုပ်အကိုင်တို့ပါဝင်သော်လည်း ကန့်သတ်မထားသော ပရိုဂရမ်များကို ထောက်ပံ့၍ စီမံခန့်ခွဲသည်။ အထူးသဖြင့် ကူးပြောင်းသည့်အသက်အရွယ်ရှိသော လူငယ်တို့အတွက် အချို့ပရိုဂရမ်များသည် အချို့ဒေသများတွင် ရရှိနိုင်သည်။<br><br>**လျှောက်ထားရမည့်အချိန်** -BHA သည် ကလေးများ (မွေးကင်းစမှ ၁၆ အထိ)နှင့် လူငယ်အတွက် ဝန်ဆောင်မှုအချို့ကို ပေးပြီး အရွယ်ရောက်သူဝန်ဆောင်မှုများသည် အသက် ၁၆ နှစ်တွင် စတင်သည်။ ပိုမိုသိရှိလိုပါက https://mmcp.health.maryland.gov/Pages/home.aspx.ကိုရည်ညွှန်းပါ။ | **မည်သူသည် ဝန်ဆောင်မှုများကို ရရှိနိုင်ပါသလဲ။** စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များရှိသူများသည် ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှု ရရှိသူများဖြစ်သည်။ အချို့အကြောင်း အရာများတွင် ငွေကြေးအကြောင်းအရာများကြောင့် ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုမရရှိသော ထင်ရှားသောစိတ်ပိုင်းဆိုင်ရာကျန်းမာရေးလိုအပ်ချက်များရှိသည့်သူများသည် အကူအညီကို ဆက်လက်ရရှိနိုင်သည်။<br><br>**လျှောက်ထားရမည့်ပုံ** - သင့်အား ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုတွင် စာရင်းထည့်သွင်းပြီးပါက သင့်အနေဖြင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးဝန်ဆောင်မှုများအတွက် သီးခြားစာရင်းပေးသွင်းရန် မလိုအပ်ပါ။ ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ BHA စားသုံးသူရေးရာရုံးဖုန်း 410-402-8447 (သို့မဟုတ် သင်၏ ဒေသဆိုင်ရာ အပြုအမူပိုင်းဆိုင်ရာ ကျန်းမာရေးစီမံခန့်ခွဲမှုများ (LBHA) သို့မဟုတ် ဗဟိုဝန်ဆောင်မှုအေဂျင်စီ (CSA)သို့ ဆက်သွယ်ပါ။ အေဂျင်စီများ၏ စာရင်းကို မေရီလန်းပြည်နယ်၏ အပြုအမူပိုင်းဆိုင်ရာ ကျန်းမာရေးအာဏာပိုင်အဖွဲ့အစည်းတွင် သင်ရှာဖွေတွေ့ရှိနိုင်သည်။ www.marylandbehavioralhealth.org |

# မေရီလန်းပြည်နယ်အရွယ်ရောက်သူဝန်ဆောင်မှုများ - မေရီလန်းအလုပ်သမား

| အေဂျင်စီအမည်နှင့် ဖော်ပြချက် | အေဂျင်စီအကြောင်းအရာ |
|---|---|
| **အလုပ်အင်အားဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>အရွယ်ရောက်သူလေ့လာသင်ယူရေးရုံး၊<br>မေရီလန်းအလုပ်သမားရေးရာဌာန** | http://labor.maryland.gov |
| **ဤအေဂျင်စီသည် ဘာလုပ်ပါသလဲ။** မေရီလန်းအလုပ်သမားရေးရာဌာန၏ အလုပ်သမားအင်အားဖွံ့ဖြိုးတိုးတက်ရေးလူငယ်ဝန်ဆောင်မှုဌာနခွဲရုံးသည် လူငယ်အရွယ် ရောက်သူများအား ပညာရေးပိုင်းနှင့် အလုပ်အကိုင်ပိုင်းရည်မှန်းချက် ပန်းတိုင်များကို ရောက်ရှိစေရန် ပရိုဂရမ်များနှင့် ဝန်ဆောင်မှုများကို ပေးသည်။ မေရီလန်းအလုပ်သမားရေးရာ၏ ဒေသဆိုင်ရာ အမေရိကန်အလုပ်စင်တာများနှင့် အလုပ်သမားအင်အားရင်းနှီး မြှုပ်နှံရေးဘုတ်အဖွဲ့များမှတစ်ဆင့် မေရီလန်းအလုပ်သမားရေးရာ ဌာနသည် အလုပ်အကိုင်တိုင်ပင်ဆွေးနွေးမှု၊ လေ့ကျင့်မှု၊ ကွန်ပျူတာ အသုံးပြုမှု၊ နှင့် အခြားကူညီပံ့ပိုးရေးဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသည်။ အလုပ်သမားအင်အားဆန်းသစ်ပြောင်းလဲမှု နှင့် အခွင့်အလမ်းအက်ဥပဒေ (WIOA) မှ ငွေကြေးထောက်ပံ့ပေးရာမှ တစ်ဆင့် မေရီလန်းအလုပ်သမားရေးရာနှင့် အမေရိကန်အလုပ်စင်တာ များသည် အလုပ်အကိုင်ဝန်ဆောင်မှုများကို ပေးပြီး သုံးစွဲသူများအား အလုပ်နှင့်သက်ဆိုင်သောသင်တန်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ကို ချိတ်ဆက်ပေးသည်။ WIOA သည် အလုပ်စူးစမ်းရှာဖွေရေးနှင့် လမ်းညွှန်မှု၊ ပညာရေးဆိုင်ရာ ကြိုးပမ်းအောင်မြင်မှုအတွက် ဆက်လက် ကူညီပံ့ပိုးမှု၊ လိုအပ်သော အလုပ်အကိုင်များတွင် ကျွမ်းကျင်မှုလေ့ကျင့် သင်ကြားရေးအခွင့်အလမ်းများ၊ တတိယအဆင့်ပညာရေးတွင် စာရင်းပေးသွင်းမှုနှင့် အလုပ်အကိုင်သို့ ဦးတည်သည့် အလုပ်အကိုင် လမ်းကြောင်းတွင် လုပ်ငန်းခွင်နယ်ပယ်မှ အသိအမှတ်ပြုသော ယုံကြည်ချက်များအား ရရှိခြင်းနှင့် စတင်နိုင်သော လူငယ်များနှင့် လူငယ်အရွယ်ရောက်သူများအတွက် အရည်အသွေးမြင့်မားသော ဝန်ဆောင်မှုများကို ပေးရန် ဌာန၏ လုပ်ဆောင်ချက်ကို အတည်ပြုသည်။ | **မည်သူသည် ဝန်ဆောင်မှုများကို ရရှိနိုင်ပါသလဲ။**<br>လူငယ်ဝန်ဆောင်မှုများဌာနခွဲသည် အသက် ၁၄-၂၄ အထိရှိသော ချို့ယွင်းမှုများရှိသော သို့မဟုတ် မရှိသော လူငယ်အရွယ်ရောက်သူများကို ဆောင်ရွက်ပေးလျက်ရှိသည်။  One Stop အလုပ်စင်တာများသည် မည်သည့်အသက်အရွယ်မဆိုရှိသည့် ချို့ယွင်းမှုများရှိသော သို့မဟုတ် မရှိသောအလုပ်ရှာဖွေသူများအတွက် ရရှိနိုင်သည်။<br>အလုပ်စူးစမ်းရှာဖွေရေး၊ လေ့ကျင့်ရေးသင်တန်းနှင့် အလုပ်အကိုင်များနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက<br>• ဒေသဆိုင်ရာ အမေရိကန်အလုပ်စင်တာကို ရှာဖွေရန် မေရီလန်းအလုပ်သမားရေးရာဌာနဝက်ဘ်ဆိုက် http://labor.maryland.gov/county/ သို့ ဝင်ရောက်ပါ သို့မဟုတ်  မေရီလန်းအလုပ်သမားရေးရာဌာနဖုန်း 410-767-2173 သို့ဆက်သွယ်ပါ သို့မဟုတ်<br>• မေရီလန်းအလုပ်သမားအင်အားပြောင်းလဲရေးဝက်ဘ်ဆိုက် https://mwejobs.maryland.gov/vosnet/Default.aspx သို့ဝင်ရောက်ပါ။ |

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

# အကျိုးခံစားခွင့်များ

## *ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုနှင့် ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှု သက်ညှာခွင့်များ*

မေရီလန်းပြည်နယ်ကျန်းမာရေးဌာန(MDH) သည် ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှု သို့မဟုတ် ဆေးဘက်ဆိုင်ရာ အကူအညီ (MA) ကို စီမံဆောင်ရွက်သည်။ ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုနှင့် ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုသက်ညှာခွင့်ပရိုဂရမ်နှစ်ခုလုံးသည် ချို့ယွင်းမှုရှိသူများအတွက် ကျန်းမာရေးစရိတ်မျှခံမှု၊ ဖြည့်စွက် ကူညီမှု၊ ရေရှည်ပြုစုစောင့်ရှောက်မှုနှင့် အိမ်/လူမှုအဖွဲ့အစည်းအခြေပြုကူညီပံ့ပိုးမှုများဆိုင်ရာ အရေးကြီးသော ရင်းမြစ်များဖြစ်နိုင်သည်။

<table>
<tr><th>အကျိုးခံစားခွင့်</th><th>အကျိုးခံစားခွင့်အကြောင်းအရာ</th></tr>
<tr><td>ဆင်းရဲသူများ အတွက် ဆေးဝါးကူညီမှု</td><td>
ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုသည် ဘာလုပ်ပါသလဲ။<br>
• ကျန်းမာရေးစောင့်ရှောက်မှုစရိတ်မျှခံပေးခြင်း။<br>
• တစ်ကိုယ်ရည်ကျန်းမာရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေး၊ လူနာ၏ အညစ်အကြေးအား ကူညီစွန့်ပစ်ခြင်း၊ စားသောက်ခြင်း၊ အဝတ်အစားလဲခြင်း၊ ရွေ့လျားသွားလာခြင်း၊ အိမ်တွင်းဆေးဝါးစောင့်ရှောက်မှုနှင့် ဆေးကုသမှုဆိုင်ရာ ချိန်းဆိုမှုများအား အသုံးပြုခွင့်ကဲ့သို့ တစ်ကိုယ်ရည်စောင့်ရှောက်ရေးဝန်ဆောင်မှုများတွင် ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုသက်ညှာခွင့်ပရိုဂရမ်များမှတစ်ဆင့် အပိုထောက်ပံ့ပေးခြင်း။<br>
မည်သူသည် ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုကို ရရှိနိုင်ပါသလဲ။<br>
• ယေဘုယျအားဖြင့် အဆိုပါတစ်ဦးချင်းစီတို့သည်-<br>
  ○ ချို့ယွင်းမှုရှိသူ<br>
  ○ မျက်စိမမြင်သူ<br>
  ○ အလုပ်မရှိသော၊ မကျန်းမာသော သို့မဟုတ် သေဆုံးသွားသော မိဘများ၏ ကလေးအား စောင့်ရှောက်သူ<br>
  ○ ပရိုဂရမ်၏ ဝင်ငွေလိုအပ်ချက်များနှင့် ကိုက်ညီသူဖြစ်သည်။<br>
• မေရီလန်းရှိ ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုရရှိခွင့်ကို ဒေသဆိုင်ရာ လူမှုရေးဝန်ဆောင်မှုများဌာနများမှ သတ်မှတ်ဆုံးဖြတ်ပေးသည်<br>
• ပိုမိုသိရှိလိုပါက ဝင်ရောက်ကြည့်ရှုရန် -<br>
  ○ https://mmcp.health.maryland.gov/Pages/Am%20I%20Eligible.aspx<br>
• https://www.medicare.gov/manage-your-health/i-have-a-disability
</td></tr>
<tr><td>ဆင်းရဲသူများ အတွက် ဆေးဝါးကူညီမှု ပရိုဂရမ်များ</td><td>
မေရီလန်းပြည်နယ်ရှိ ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုဆိုင်ရာ အိမ်တွင်းနှင့် လူမှုအဖွဲ့အစည်းအခြေပြုဝန်ဆောင်မှုများကို “သက်ညှာခွင့်”ဟုခေါ်သော ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုပုံမှန်ပရိုဂရမ်နှင့်ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုအထူးပရိုဂရမ်များမှ တစ်ဆင့် ရရှိနိုင်သည်။ သက်ညှာခွင့်တွင် ကလေးမိဘများ၏ ရရှိနိုင်ခွင့်လိုအပ်ချက်များကို ဖယ်ပြီး ကလေး၏ ဝင်ငွေကိုသာ ကြည့်သည်။ သက်ညှာခွင့်တစ်ခုစီတွင် ရရှိနိုင်ခွင့်စံသတ်မှတ်ချက်အမျိုးမျိုး ရှိပြီး သတ်မှတ်ချက်တစ်ခုစီတွင် သက်ကြီးရွယ်အိုများ သို့မဟုတ် အမှန်တကယ်ချို့ယွင်းမှုရှိသူများ ကဲ့သို့ ကွဲပြားခြားနားသောလူဦးရေရှိသည်။<br>
• ဝန်ဆောင်မှုများသည် ခံစားနိုင်ခွင့်တစ်ခုမဟုတ်ပါ။<br>
• DDA ဝန်ဆောင်မှုများကို လျှောက်ထားရန်နှင့် ရရှိနိုင်ခွင့်ကို သတ်မှတ်ရန် မေရီလန်းဒေသခံဖြစ်ရမည်။<br>
• တစ်ဦးချင်းအဖွဲ့ နှစ်ဖွဲ့သည် ဝန်ဆောင်မှုများရရှိနိုင်သည်-<br>
  ○ ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းသူများနှင့်<br>
  ○ စိတ်ရောဂါစစ်ဆေးတွေ့ရှိချက်ထက် အခြားသောရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အခြေအနေကြောင့် ဖြစ်ပေါ်လာသော ပြင်းထန်ဆိုးဝါးသော နာတာရှည်ချို့ယွင်းမှုရှိသူ<br>
• https://mmcp.health.maryland.gov/Pages/Am%20I%20Eligible.aspx. သို့ဝင်ရောက်ကြည့်ရှုပါ။<br>
• ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုသက်ညှာခွင့်ပရိုဂရမ်များအကြောင်း (လူမှုအဖွဲ့အစည်းပထမဆုံးရွေးချယ်မှု၊ လူမှုအဖွဲ့အစည်းရွေးချယ်စရာများနှင့် ဆေးဝါးကုသမှုဆိုင်ရာ ကိုယ်ပိုင်အကူအညီအပါအဝင်) ကို ပိုမိုလေ့လာရန် 410-767-1739 သို့ခေါ်ဆိုဆက်သွယ်ပါ သို့မဟုတ် http://medicaidwaiver.org/state/maryland.html. သို့ဝင်ရောက်ကြည့်ရှုပါ<br>
အိမ်တွင်းနှင့် လူမှုအဖွဲ့အစည်းအခြေပြုဝန်ဆောင်မှုများအကြောင်း သိရှိလိုပါက https://mmcp.health.maryland.gov/waiverprograms/Pages/Home.aspx သို့ဝင်ရောက်ကြည့်ရှုပါ
</td></tr>
</table>

**လျှောက်ထားရမည့်ပုံ** - ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုကို လျှောက်ရန် မေရီလန်းဒေသခံများသည် ၎င်းတို့ကောင်တီ သို့မဟုတ် မြို့ရှိ လူမှုရေးဝန်ဆောင်မှုများဌာနသို့ သွားရောက်သည်။ ထိုနေရာတွင် ၎င်းတို့အား အင်တာဗျူးပြီး ၎င်းတို့၏ လျှောက်လွှာကို တင်သွင်းရမည်။ မေးခွန်းများကို ဖြေဆိုရန်၊ ရရှိနိုင်ခွင့်ကို စစ်ဆေးရန်နှင့် ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုလျှောက်ထားရာတွင် ကူညီပေးရန် အကူအညီအတွက် https://medicaid-help.org/Primary-Information သို့ဝင်ရောက်ကြည့်ရှုပါ။

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

## *ချို့ယွင်းမှုရှိသူများအတွက် လူမှုဖူလုံရေးစီမံခန့်ခွဲရေးအကျိုးခံစားခွင့်များ*

ချို့ယွင်းမှုရှိသူလူမှုဖူလုံရေးအာမခံနှင့် ချို့ယွင်းမှုရှိသူအပိုအာမခံဝင်ငွေပရိုဂရမ်များသည် ချို့ယွင်းမှုရှိသူများအား ကူညီဆောင်ရွက်ပေးသည့် အကြီးမားဆုံးဗဟိုအစိုးရပရိုဂရမ်များဖြစ်သည်။ အဆိုပါပရိုဂရမ်နှစ်ခုသည် နည်းလမ်းအမျိုးမျိုးဖြင့် ကွဲပြားခြားနားသည့်အခါ နှစ်ခုလုံးကို လူမှုဖူလုံရေးစီမံခန့်ခွဲရေး(SSA)မှ စီမံခန့်ခွဲဆောင်ရွက်ပြီး ချို့ယွင်းမှုရှိ၍ ဆေးဘက်ဆိုင်ရာ စံသတ်မှတ်ချက်နှင့်ကိုက်ညီသည့် တစ်ဦးချင်းစီတို့သည် ပရိုဂရမ်တစ်ခုစီရှိ အကျိုးခံစားခွင့်များအတွက် အရည်အချင်းပြည့်မီနိုင်သည်။လူမှုဖူလုံရေးအကျိုးခံစားခွင့်များလျှောက်ထားခြင်း သို့မဟုတ် ချို့ယွင်းမှုရှိသူဆုံးဖြတ်ချက်တောင်းခံခြင်းနှင့်ပတ်သက်၍ ပိုမိုသိရှိနိုင်ရန်နှင့် အကူအညီရယူရန် https://www.disabilitysecrets.com/သို့ဆက်သွယ်ပါ။

### *အပိုအာမခံဝင်ငွေ(SSI)*

| **အမေး** | **အပိုအာမခံဝင်ငွေ(SSI) အကျိုးခံစားခွင့်နှင့်ပတ်သက်သောအဖြေများ** |
|---|---|
| **အပိုအာမခံဝင်ငွေ (SSI)သည် ဘာလုပ်ပါသလဲ။** | အပိုအာမခံဝင်ငွေ(SSI) ပရိုဂရမ်သည် ဝင်ငွေနှင့် ရင်းမြစ်များကို ကန့်သတ်ထားသော ချို့ယွင်းမှုရှိသောအရွယ်ရောက်သူများနှင့် ကလေးများကို အကျိုးခံစားခွင့်များပေးသည်။ SSI သည် အထွေထွေအခွန်ဝင်ငွေများ (လူမှုဖူလုံရေးအခွန်များမဟုတ်သော) မှ ထောက်ပံ့ပေးထားသော ဗဟိုအစိုးရငွေပို့ထောက်ပံ့ရေးပရိုဂရမ်ဖြစ်သည်။<br>• သက်ကြီးရွယ်အို၊ မျက်မမြင်နှင့် ချို့ယွင်းမှုရှိသူများ၊ ဝင်ငွေအနည်းငယ် ရှိသော သို့မဟုတ် ဝင်ငွေလုံးဝမရှိသောသူများအား ကူညီရန် စီစဉ်ဆောင်ရွက်ခြင်း<br>• အစားအစာ၊ အဝတ်အထည်နှင့် နေထိုင်မှုအတွက် အခြေခံလိုအပ်ချက်များ ကို ဖြည့်စွက်ပေးရန် ငွေသားထောက်ပံ့ခြင်း<br>• ဆေးရုံတက်ခြင်းများ၊ ဆရာဝန်စရိတ်များ၊ ညွှန်ကြားထားသောဆေးများ၊ နှင့် အခြားကျန်းမာရေးကုန်ကျစရိတ်များကို ပေးရန် အကျိုးခံစားခွင့်ရှိသူများအတွက် ဆေးဘက်ဆိုင်ရာအကူအညီ (ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှု) ကို ပေးခြင်း။<br>SSI ခံစားခွင့်ရှိသူများအသည် အစားအစာအကူအညီကိုလည်းရရှိနိုင်သည်။ |
| **မည်သူသည် SSI အကျိုးခံစားခွင့်များကို ရရှိနိုင်ပါသလဲ။** | • ချို့ယွင်းမှုရှိသူ၊ မျက်မမြင် သို့မဟုတ် သက်ကြီးရွယ်အို (၆၅ နှစ် သို့မဟုတ် ယင်းအထက်)၊ ကန့်သတ်ထားသောဝင်ငွေနှင့် ကန့်သတ်ထားသောရင်းမြစ်များရှိသူ။<br>• ဘဏ္ဍာရေးရရှိနိုင်ခွင့်ကို သတ်မှတ်သည့်အခါ ချို့ယွင်းမှုရှိသောကလေးများ၏ မိသားစုများ၏ ဝင်ငွေနှင့် ပိုင်ဆိုင်မှုများကိုလည်း စဉ်းစားနိုင်သည်။<br>• အသက် ၁၈ နှစ်တွင် SSA သည် တစ်ဦးချင်းစီတို့၏ ဝင်ငွေများနှင့် ပိုင်ဆိုင်မှုများကို ထည့်သွင်းစဉ်းစားပြီး မိဘများ၏ ဝင်ငွေနှင့် ပိုင်ဆိုင်မှုများကို မစဉ်းစားပါ။<br>• ယခင်က ဝင်ငွေအပေါ် မူတည်၍ SSI အတွက် ကလေးအား ပယ်ချပါက မိဘ၏ ဝင်ငွေကို ရရှိနိုင်မှုရည်ရွယ်ချက်များအတွက် ရေရှည်ထည့်သွင်းမစဉ်းစားချိန် သူ/သူမ၏ အသက် ၁၈ နှစ်ပြည့်ပြီးနောက် အကျိုးခံစားခွင့်များကို ပြန်လည်လျှောက်ထားပါ။<br>• အပိုအာမခံဝင်ငွေ (SSI) are ကို ရရှိသောတစ်ဦးချင်းစီတို့သည် ဆေးဘက်ဆိုင်ရာအကူအညီကို အလိုအလျောက်ရရှိနိုင်သည်။ |
| **မည်သို့လျှောက်ထားရပါမလဲ။** | • သင်နေထိုင်သည့်မြို့ သို့မဟုတ် ကောင်တီတွင် သင်၏ ဒေသဆိုင်ရာလူမှုရေးဝန်ဆောင်မှုများဌာနနှင့်အတူ လျှောက်လွှာကို စုစည်းတင်ပြပါ။<br>• Complete an online application at https://www.ssa.gov/forms/. တွင် အွန်လိုင်းလျှောက်လွှာကို ဖြည့်ပါ။ ချို့ယွင်းမှုရှိသူအကျိုးခံစားခွင့်များကို ရွေးချယ်ပါ။<br>• သင်၏ ဒေသဆိုင်ရာလူမှုရေးဝန်ဆောင်မှုများဌာနနှင့် ဒေသဆိုင်ရာ ကျန်းမာရေးဌာနတွင် လျှောက်လွှာကို ရယူပါ။ ထို့အပြင် တစ်ဦးတစ်ယောက်သည် 1-800-456-8900 သို့ ခေါ်ဆိုခြင်းဖြင့် သင့်အား မေးပို့နိုင်သည်။ |
| **ကျွန်ုပ်၏ လျှောက်လွှာကို ပယ်ဖျက်လိုက်ပါသလား။** | • သင့်လျှောက်လွှာအား လတ်တလောပယ်ချပါက အင်တာနက်တောင်းဆိုမှုသည် ချို့ယွင်းမှုရှိသူဝန်ဆောင်မှုများအတွက် သင်၏ ရရှိနိုင်ခွင့်အကြောင်း ဆုံးဖြတ်ချက်အား ပြန်လည်ဆန်းစစ်မှုကို တောင်းဆိုရန် စတင်သည့်အချက်ဖြစ်သည်<br>• သင့်လျှောက်လွှာအား -<br>    ○ ဆေးဘက်ဆိုင်ရာ အကြောင်းပြချက်များအတွက် ပယ်ချပါက သင်သည် လိုအပ်သော အသနားခံတောင်းဆိုချက်နှင့် အသနားခံချို့ယွင်းမှုရှိသူအစီရင်ခံတင်ပြချက်ကို ဖြည့်၍ အွန်လိုင်းတွင် တင်ပြနိုင်သည်။<br>    ○ ဆေးဘက်ဆိုင်ရာမဟုတ်သော အကြောင်းပြချက်များအတွက် ပယ်ချပါက သင့်အနေဖြင့် ဆန်းစစ်မှုကို တောင်းဆိုရန် သင်၏ ဒေသဆိုင်ရာလူမှုဖူလုံရေးရုံးသို့ ဆက်သွယ်သင့်သည်။ သင့်အနေဖြင့် အသနားခံတောင်းဆိုရန် အခမဲ့ခေါ်ဆိုနိုင်သောဖုန်းနံပါတ် 1-800-772-1213 သို့လည်းခေါ်ဆိုနိုင်သည်။ နားမကြားသူများ သို့မဟုတ် အကြားအာရုံချက်ခဲသူများသည် အခမဲ့ခေါ်ဆိုနိုင်သော TTY နံပါတ် 1-800-325-0778 သို့ခေါ်ဆိုနိုင်သည်။ |

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

## *ချို့ယွင်းမှုရှိသူလူမှုဖူလုံရေးအာမခံ (SSDI)*

| **အမေး** | **ချို့ယွင်းမှုရှိသူအပိုအာမခံ (SSDI) အကျိုးခံစားခွင့်နှင့်ပတ်သက်သော အဖြေများ** |
|---|---|
| **ချို့ယွင်းမှုရှိသူ အပိုအာမခံဝင်ငွေ (SSDI)သည် ဘာလုပ်ပါသလဲ။** | သင်သည် အလုံအလောက်အချိန်ကြာအလုပ်လုပ်ပြီး လူမှုဖူလုံရေးအခွန်များကို ပေးသည်ဟု သင့်အား"အာမခံ" ပါက. ချို့ယွင်းမှုရှိသူလူမှုဖူလုံရေးအာမခံ (SSDI) သည် သင် သို့မဟုတ် စစ်မှန်သောသင့်မိသားစုဝင်များအား အကျိုးခံစားခွင့်များကို ပေးသည်။ |
| **မည်သူသည် SSDI ခံစားခွင့်များကို ရရှိနိုင်ပါသလဲ။** | SSDI ကိုရရှိရန်  ထိုသူသည် အသက် ၆၅ နှစ်အောက် ရှိရမည်ဖြစ်ပြီး လူမှုဖူလုံရေးစီမံခန့်ခွဲမှုမှ သတ်မှတ်ထားသည့်အတိုင်း ဆိုးဝါးပြင်းထန်သောချို့ယွင်းမှုရှိရမည်။<br>• အကယ်၍ အောက်ပါအချက်တို့ရှိပါက အိမ်ထောင်မကျသေးသောကလေးသည် မိဘများ၏ အလုပ်မှတ်တမ်းများတွင် အကျိုးခံစားခွင့်များကို လက်ခံရရှိနိုင်သည်<br>• ချို့ယွင်းမှုရှိသော သို့မဟုတ် မရှိသောကလေးသည် အသက် ၁၈ နှစ်ဖြစ်သည် သို့မဟုတ်<br>• ကလေးသည် ၁၈-၁၉ နှစ်ဖြစ်ပြီး အချိန်ပြည့်ကျောင်းသား/သူ (၁၂ တန်းအောက်) ဖြစ်သည် သို့မဟုတ်<br>• အသက် ၂၂ နှစ်မတိုင်မီ စတင်ချို့ယွင်းမှုရှိသော အသက် ၁၈ နှစ် သို့မဟုတ် ယင်းအသက်ထက်ကြီးသောကလေးဖြစ်ပြီး အရွယ်ရောက်သူများချို့ယွင်းမှုအဓိပ္ပါယ်ဖွင့်ဆိုချက်.နှင့် ကိုက်ညီသည်။ |

# တတိယအဆင့်ပညာရေး/ချို့ယွင်းမှုရှိသူကူညီပံ့ပိုးရေးဝန်ဆောင်မှုများ

ကျောင်းသား/သူများအနေဖြင့် ချို့ယွင်းမှုရှိသူများတစ်ဦးချင်းပညာရေးအက်ဥပဒေ (IDEA) ၊ ချို့ယွင်းမှု မျာနရှိသော အမေရိကန်လူမျိုးများအက်ဥပဒေ (ADA) နှင့် 1973 ခုနှစ် ပြန်လည်ထူထောင်ရေးအက်ဥပဒေ၏ ပုဒ်မ 504 နှင့် ကျောင်းသား/သူများအတွက် ၎င်းတို့ဖော်ပြထားသောပြဋ္ဌာန်းချက်များကြား ကွာခြားချက်ကို နားလည်ရန် အရေးကြီးသည်။ အထက်တန်း ကျောင်းတွင် IDEA သည် ပညာရေးပံ့ပိုးကူညီမှုများကို လုပ်ငန်းစဉ်မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးကြောင်း ဖော်ပြထားသည်။ ကျောင်းသား/သူသည် ကောလိပ် (တတိယ အဆင့်ပညာရေး)သို့ တက်ရောက်သည့်အခါ ADA နှင့် ပုဒ်မ 504 သည် တတိယအဆင့်ပညာရေးတွင် အောင်မြင်ရန် သက်ဆိုင်ရာလိုက်လျောညီထွေညှိနိုင်းမှုများကို ရရှိနိုင်ရန် ချို့ယွင်းမှုရှိသူများတစ်ဦးချင်းတို့ ၏ လုပ်ပိုင်ခွင့်ကို ခွင့်ပြုသည်။

| ဝန်ဆောင်မှု နယ်ပယ် | အထက်တန်းကျောင်းအတွက် | ကောလိပ်အတွက် |
| --- | --- | --- |
| **ဥပဒေ** | • ချို့ယွင်းမှုရှိသူများတစ်ဦးချင်းပညာရေးအက်ဥပဒေ(IDEA) သည် ချို့ယွင်းမှုရှိသောကျောင်းသား/သူများအား အခမဲ့ဖြစ်သော သက်ဆိုင်ရာပညာရေးကို ပေးသည်။<br>• IDEA သည် **အောင်မြင်မှု**နှင့် သက်ဆိုင်သည်။ | • ချို့ယွင်းမှုများရှိသောအမေရိကန်လူမျိုးများအက်ဥပဒေ (ADA) နှင့် ပုဒ်မ 504 သည် သက်ဆိုင်ရာလိုက်လျောညီထွေညှိနိုင်းမှုကို ခွင့်ပြုသည်။.<br>• ADA သည် **ရရှိနိုင်မှု**နှင့် သက်ဆိုင်သည်။ |
| **လိုအပ်သောသက်သေခံ စာရွက်စာ တမ်း** | • တစ်ဦးချင်းပညာရေးအစီအစဉ်(IEP)<br>• ကျောင်းသား/သူသည် IDEA တွင် တိကျသောအမျိုးအစားများအပေါ် အခြေခံသည့် ဝန်ဆောင်မှုများကို ရရှိနိုင်သည်။ | • အထက်တန်းကျောင်း IEP သည် မလုံလောက်နိုင်ပါ။<br>• ကျောင်းသား/သူများသည် ၎င်းတို့၏ ကိုယ်ပိုင်ကုန်ကျစရိတ်တွက်ချက်မှု(များ) ရရှိရန် လိုအပ်နိုင်သည်။<br>• သက်သေခံစာရွက်စာတမ်းသည် တိကျသောသက်ဆိုင်ရာလိုက်လျောညီထွေညှိနိုင်းမှုများနှင့်ပတ်သက်သော အချက်အလက်ကို ပေးရမည်။ |
| **အားပေးထောက်ခံမှု** | • မိဘများသည် ၎င်းတို့၏ကလေးများ အတွက် သက်ဆိုင်ရာဝန်ဆောင် မှုများနှင့် ပံ့ပိုးကူညီမှုများကို အားပေးထောက်ခံရာတွင် တက်ကြွစွာပါဝင်သည်။<br>• ကျောင်းများသည် မိဘများသို့ လက်ကမ်းပြီး IEP အသင်းအဖွဲ့တွင် ၎င်းတို့ပါဝင်မှုကို လိုအပ်သည်။<br>• မိဘများသည် ပုံမှန်အားဖြင့် ၎င်းတို့ကလေး၏ ဆရာများနှင့် တိုက်ရိုက်စကားပြောသည်။ | • ကျောင်းသား/သူများအား ၎င်းတို့ကိုယ်တိုင်အတွက် အားပေးထောက်ခံရန် မျှော်လင့်သည်။ မိဘပါဝင်မှုကို အမြဲတက်ကြွစွာ မရှာဖွေဘဲ အချိန်အခါများအလိုက် တားမြစ်နိုင်သည်။<br>• ကောလိပ်မဟာဌာနှင့် ဝန်ထမ်းသည် ပုံမှန်အားဖြင့် ကျောင်းသား/သူသဘော တူညီချက်မပါဘဲ မိဘများနှင့် တိုက်ရိုက်မဆက်သွယ်ပါ။ College |
| **တစ်ဦးချင်းပညာရေးပရို ဂရမ်များ နှင့် ပံ့ပိုးကူညီမှုများ** | • ကျောင်းသား/သူ၊ မိဘ (များ) နှင့် ကျောင်းနယ်ပယ်တွင် ပါဝင်သော IEP အသင်းအဖွဲ့သည် တစ်ဦးချင်းပညာ ရေးပရိုဂရမ် (IEP) ကို ပေးပြီး ဝန်ဆောင်မှုများအတွက် ဤတရား ဝင်စာရွက်စာတမ်းကို လိုက်နာရမည်။<br>• မိဘသည် ကျောင်းသား/သူ မှတ်တမ်းများကို ရရှိခွင့်ရှိပြီး လိုက်လျောညီထွေညှိနိုင်းမှုလုပ်ငန်း စဉ်တွင် ပါဝင်ဆောင်ရွက်နိုင်သည်။ | • ကောလိပ်တွင် IEPs မရှိပါ။<br>• ချို့ယွင်းမှုရှိသူဝန်ဆောင်မှုများရုံးသည် ကျောင်းသား/သူမှ ပေးထားသော ချို့ယွင်းမှုရှိကြောင်း သက်သေခံစာရွက် စာတမ်းအပေါ်အခြေခံသည့် လိုက်လျောညီထွေညှိနိုင်းမှုအစီအစဉ်ကို လုပ်ဆောင်မည်။<br>• ကျောင်းသား/သူသည် နှစ်ဝက်စီတွင် ကောလိပ်ရှိ ချို့ယွင်းမှုရှိသူဝန်ဆောင် မှုများရုံးမှ လိုက်လျောညီထွေညှိနိုင်းမှုများ ကို တောင်းဆိုနိုင်သည်။<br>• မိဘသည် ကျောင်းသား/သူ၏ ရေးသားသဘောတူညီချက်မပါဘဲ ကျောင်းသား/သူမှတ်တမ်းများကို ရရှိခွင့်မရှိပါ။ |

IDEA သည် ကောလိပ်များ၊ ကုန်သွယ်ရေးကျောင်းများ သို့မဟုတ် တက္ကသိုလ်များနှင့် မသက်ဆိုင်သောကြောင့် ကျောင်းသား/သူများသည် ၎င်းတို့၏ လုပ်ပိုင်ခွင့်များနှင့် တာဝန်များကို သိရှိရန် အရေးကြီးသည်။ ဤလမ်းညွှန်ချက်၏ နောက်ဆက်တွဲ A တွင် တတိယအဆင့်ပညာရေးလိုက်လျောညီထွေညှိနိုင်းမှုများဇယားတွင် တတိယအဆင့်ပညာရေးအဖွဲ့အစည်းများရှိ လိုက်လျောညီထွေညှိနိုင်းမှုများနှင့် ချို့ယွင်းမှုရှိသူဝန်ဆောင်မှုများ အကြောင်းနှင့်ပတ်သက်၍ အချို့သာမန်မေးခွန်းများကို ဖော်ပြထားသည်။

# သယ်ယူပို့ဆောင်ရေး၊ ရွေ့လျားသွားလာမှုနှင့် သွားလာရေးဆိုင်ရာ ညွှန်ကြားချက်

ကျောင်းသား/သူများနှင့် ၎င်းတို့၏ မိသားစုများအနေဖြင့် ကောလိပ် သို့မဟုတ် အလုပ်ကဲ့သို့ ကျောင်းအဆင့်လွန် နေရာများသို့ မည်သို့သွားလာရမည့်ပုံကို စီစဉ်ရန်မှာ အရေးကြီးသည်။ ကျောင်းတွင်ရှိစဉ်က ကျောင်းသား/သူများ သည် ၎င်းတို့ကို သယ်ယူပို့ဆောင်ရန် ကျောင်းသယ်ယူပို့ဆောင်ရေးယာဉ်၊ မိသားစုဝင်များ သို့မဟုတ် သူငယ်ချင်း များအပေါ် မှီခိုအားထားနိုင်သည်။ ကျောင်းသား/သူများကျောင်းထွက်သည့်အခါတွင် အဆိုပါရွေ့လျားသွားလာမှုပံ့ပိုးကူညီမှုများကို မရရှိနိုင်ပါ။ ကျောင်းသား/သူများသည် ကျောင်းတွင် ဆက်လက်ရှိနေစဉ်တွင် လွတ်လပ်စွာ သွားလာ ခြင်းနှင့် သယ်ယူပို့ဆောင်ရေးအကြောင်း လေ့လာသင်ယူရန် အရေးကြီးသောကြောင့် ၎င်းတို့ ကျောင်းထွက်သည့် အခါ ၎င်းတို့သွားလိုသည့်နေရာကို ရောက်ရှိရန် အသိပညာနှင့် ကျွမ်းကျင်မှုများကို ရရှိသည်။

ကူးပြောင်းရေးစီမံကိန်းတွင် အသင်းအဖွဲ့သည် မိသားစုများနှင့် ကျောင်းသား/သူများနှင့်အတူ အောက်ပါတို့ကို ပူးပေါင်းလုပ်ဆောင်နိုင်သည် -

- လွတ်လပ်စွာသွားလာရန် ကျောင်းသား/သူတစ်ဦး၏ ရွေ့လျားသွားလာမှုနှင့် လက်တွေ့လုပ်ဆောင်နိုင်စွမ်းကို အကဲဖြတ်ချင့်တွက်ခြင်း၊
- ဆုံးဖြတ်ချက်များချရန်၊ ပြဿနာဖြေရှင်းရန်နှင့် ၎င်းတို့ လွတ်လပ်စွာခရီးသွားသကဲ့သို့ လိုအပ်နိုင်သော လူမှုရေးစံသတ်မှတ်ချက်များကို နားလည်ရန် ကျောင်းသား/သူ၏ သိမှတ်နိုင်စွမ်းအား အကဲဖြတ်ချင့်တွက် ခြင်း၊
- ကျောင်းသား/သူများမှ လူမှုအဖွဲ့အစည်းသယ်ယူပို့ဆောင်ရေးရွေးချယ်စရာများအကြောင်း လေ့လာနိုင်သည့် ဒေသဆိုင်ရာကူးပြောင်းရေးအေဂျင်စီများသို့ သွားရောက်မှုများကို စီစဉ်ခြင်း၊
- ၎င်းတို့ဝန်ဆောင်မှုများအကြောင်း ပြောရန်အတွက် ကျောင်းသား/သူများနှင့်အတူ သွားရောက်ရန် သယ်ယူပို့ဆောင်ရေးကျွမ်းကျင်သူများအား ဖိတ်ကြားခြင်း၊
- ကျောင်းသား/သူမှအလေးထားဆောင်ရွက်မှုများမှတစ်ဆင့် ၎င်းတို့၏ လူမှုအဖွဲ့အစည်းတွင် ရရှိနိုင်သည့် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုအမျိုးအစားများကို စစ်ဆေးခြင်း၊
- ဒေသတွင်းသယ်ယူပို့ဆောင်ရေးစီမံဆောင်ရွက်မှုအဖွဲ့အစည်းများနှင့် ကူးပြောင်းရေးအေဂျင်စီများမှ တစ်ဆင့် ရွေ့လျားသွားလာမှုရွေးချယ်စရာများအကြောင်း လေ့လာပါ၊
- ကျောင်းသား/သူများအား အများပြည်သူသယ်ယူပို့ဆောင်ရေးအသုံးပြုပုံကို သင်ကြားရန် သွားလာရေးညွှန်ကြားချက်နှင့် သွားလာရေးလေ့ကျင့်မှုပရိုဂရမ်များကို ခွဲခြားသတ်မှတ်ခြင်းနှင့်
- ကျောင်းသား/သူများအတွက် အများဆုံးထည့်သွင်းထားသည့်သယ်ယူပို့ဆောင်ရေးရွေးချယ်စရာများ အကြောင်း စဉ်းစားခြင်း။

သယ်ယူပို့ဆောင်ရေးသည် အလုပ်အကိုင်၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဖျော်ဖြေရေးကဲ့သို့ အခွင့် အလမ်းများအား ရရှိခွင့်ကို ပေးထားသည်။ ကားမမောင်းတတ်သော သို့မဟုတ် ၎င်းတို့တွင် မော်တော်ယာဉ်စီး၍ မရနိုင်သော ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီတို့သည် အခြားရွေ့လျားသွားလာမှုဆိုင်ရာရွေးချယ်စရာများကို စဉ်းစားမည်။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုများသည် ပြည်နယ်အလိုက် ပြောင်းလဲသည်။ ဝန်ဆောင်မှုများရရှိနိုင်သောကျောင်းသား/သူများအတွက် ပါရာထရန်စစ်ယာဉ် (ချို့ယွင်းမှုရှိသူများသွားလာရေးအတွက် စီစဉ်ပေးထားသောယာဉ်) ဝန်ဆောင်မှုများသည် အသင့်တော်ဆုံးခရီးသွားလာရေးနည်းလမ်းဖြစ်သည်။ မေရီလန်းတွင် မေရီလန်းဖြတ်သန်းသယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ရွေ့လျားသွားလာမှုလင့်ခ်သည် ကျောင်းသား/သူများ၏ ရရှိနိုင်ခွင့်ကို သတ်မှတ်ရန် အကဲဖြတ်ချင့်တွက်မှုလုပ်ငန်းစဉ်ကို လုပ်ဆောင်ပြီးသည့် ကျောင်းသား/သူများအား အိမ်တိုင်ရာရောက်သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုကို ပေးပါသည်။ ချို့ယွင်းမှုရှိသူ များတစ်ဦးချင်းစီအတွက် သတ်မှတ်ဆောင်ရွက်ထားသော ရွေ့လျားသွားလာမှုလင့်ခ်သည် ချို့ယွင်းမှုများရှိသော အမေရိကန်လူမျိုးများအက် ဥပဒေ (ADA) ၏ လိုအပ်ချက်ဖြစ်ပြီး ကြိုတင်အသိပေးချက်နှင့် ရေးဆွဲခြင်းတို့လို အပ်သည်။ သို့ရာတွင် ကျောင်းသား/သူများအနေဖြင့် ကျောင်းသား/သူများချက်ချင်းသွားလာနိုင်သော လူမှုအဖွဲ့အစည်းသယ်ယူပို့ဆောင်ရေးယာဉ်ရွေးချယ်မှုများထည့်သွင်းခြင်းသည် အသင့်တော်ဆုံးဝန်ဆောင်မှုဖြစ်သည်။ ကျောင်းသား/သူများအတွက် အများဆုံးထည့်သွင်းထားသည့် သယ်ယူပို့ဆောင်ရေးရွေးချယ်စရာများကို စဉ်းစားပါ။ ကူးပြောင်းရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၊ မိသားစုများနှင့် လူငယ်တို့သည် ၎င်းတို့ကိုယ်တိုင် ကျောင်းသား/သူ များ၏ လိုအပ်ချက်များနှင့် လုပ်ဆောင်နိုင်စွမ်းကို ညှိနှိုင်းပေးသည့် ရွေ့လျားသွားလာမှုဝန်ဆောင်မှုကို ဆုံးဖြတ်ရန် သယ်ယူပို့ဆောင်ရေးကျွမ်းကျင်ပညာရှင်များနှင့် အတူတကွ လုပ်ဆောင်ရမည်။

## *သယ်ယူပို့ဆောင်ရေးရင်းမြစ်များ*

- ပြည်နယ်သယ်ယူပို့ဆောင်ရေးနှင့် ဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုများဌာနသည် ဒေသတွင်းသယ်ယူပို့ဆောင်ပေးသူများကို သတ်မှတ်ရန် တန်ဖိုးကြီးသောရင်းမြစ်ဖြစ်သည်။
    - မေရီလန်းဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှု (MTA)
    - မေရီလန်းသည် ချို့ယွင်းမှုရှိသူများ သို့မဟုတ် သက်ကြီးရွယ်အိုများအား လူမှုအဖွဲ့အစည်းသယ်ယူပို့ဆောင်ရေးကို အသုံးပြုနိုင်ရန် ယာဉ်စီးခအခမဲ့ သို့မဟုတ် လျှော့ချရေးပရိုဂရမ်များကို စီစဉ်ပေးလျက်ရှိသည်။ အဆိုပါပရိုဂရမ်များကို လေ့လာရန် မေရီလန်း MTA ယာဉ်စီးခလျှော့ချရေးပရိုဂရမ်ကို ဝင်ရောက်ကြည့်ရှုရန် -https://mta.maryland.gov/disabled-reduced-fare-program
- အချို့ကျောင်းသား/သူများသည် သွားလာရန် ထင်ရှားသောပံ့ပိုးကူညီမှုများကို လိုအပ်နိုင်ပြီး အများပြည်သူသုံးဘတ်စ်ကား သို့မဟုတ် ရထား (MTA သတ်မှတ်လမ်းကြောင်းစနစ်)ကို အသုံးပြု၍ လွတ်လပ်စွာမသွားလာနိုင်ပါ။ MTA ရွေ့လျားသွားလာမှုလင့်ခ် (ပါရာထရန်စစ်) ပရိုဂရမ်အတွက် ရရှိနိုင်ခွင့်လိုအပ်ချက်များအကြောင်းလေ့လာပါ။ ရွေ့လျားသွားလာမှုလင့်ခ် - https://mta.maryland.gov/mobility.

- အငှားယာဉ်ဝန်ဆောင်မှုများသည် အချို့ကျောင်းသား/သူများအတွက် သင့်လျော်ပြီး ဘတ်စ်ကားများ သို့မဟုတ် ရထားများမသွားလာသောနေရာများရှိ လူငယ်များကို ခေါ်ဆောင်နိုင်သည်။
  - မေရီလန်းအငှားယာဉ်ဝန်ဆောင်မှုများ- http://mdod.maryland.gov/transport/Pages/Taxi-Services.aspx
- ဖဟိုအစိုးရရင်းမြစ်များသည် နိုင်ငံတော် သို့မဟုတ် ဒေသဆိုင်ရာပရိုဂရမ်များအကြောင်းအချက်အလက်ကို ပေးနိုင်သည်။
  - အမေရိကန်အလုပ်သမားရေးရာဌာန၊ ချို့ယွင်းမှုရှိသူအလုပ်ခန့်အပ်ရေးမူဝါဒရုံး သယ်ယူပို့ဆောင်ရေးပေါ်တဲလ်သည် ချို့ယွင်းမှုများရှိသောအမေရိကန်လူမျိုးများအက်ဥပဒေလက်အောက်ရှိ သယ်ယူပို့ဆောင်ရေးရင်းမြစ်များနှင့် ဝန်ဆောင်မှုပေးသူများ၏ တာဝန်များကို ဖော်ပြထားသည်။ https://www.dol.gov/odep/topics/Transportation.htm
  - အမေရိကန်သယ်ယူပို့ဆောင်ရေးဌာန၊ ဗဟိုအစိုးရဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှု။ အချို့ဗဟိုအစိုးရအေဂျင်စီများသည် သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှုနှင့် ကုန်ကျစရိတ်များကို ထောက်ပံ့နိုင်သည်။ အသုံးပြုခွင့်နှင့် ရွေ့လျားသွားလာမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (CCAM) မှတစ်ဆင့် အဆိုပါရင်းမြစ်များကို ပူးပေါင်းဆောင်ရွက်ရန် ဗဟိုအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုကို လေ့လာပါ။ https://www.transit.dot.gov/ccam

## *သွားလာရေးညွှန်ကြားချက်*

သွားလာရေးညွှန်ကြားချက်သည် ကျောင်းသား/သူများအား အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်ကို ဘေးကင်းလုံခြုံစွာနှင့် လွတ်လပ်စွာသင်ကြားပေးရန် ရေးဆွဲထားသည့် ပြည့်စုံနှံ့စပ်သောညွှန်ကြားချက်ဖြစ်သည်။ သွားလာရေးညွှန်ကြားချက်သည် ချို့ယွင်းမှုရှိသောကျောင်းသား/သူများ၏ ရွေ့လျားသွားလာမှု၊ လွတ်လပ်ခွင့်နှင့် အခွင့်အလမ်းများကို တိုးမြှင့်ပေးရန် ဒေသတွင်းအများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်အား အသုံးပြုပုံကို လေ့လာသည့်လုပ်ငန်းစဉ်ဖြစ်သည်။ ချို့ယွင်းမှုများရှိသော ကျောင်းသား/သူများသည် ရရှိနိုင်သောသယ်ယူပို့ဆောင်ရေးစနစ်များ၊ ၎င်းတို့အား မည်သို့အသုံးပြုပုံ၊ ၎င်းတို့၏ သွားလာရေးကို မည်သို့စီစဉ်ပုံကို သိရှိရမည်ဖြစ်ပြီး ကြိုမမြင်နိုင်သောအခြေအနေများ သို့မဟုတ် အရေးပေါ်ကိစ္စများကို မည်သို့လုပ်ဆောင်ရမည့်ပုံကိုလည်း သိထားရမည်။ စာသင်ခန်း (သွားလာရေးကျွမ်းဝင်မှု)နှင့် ယုံကြည်စိတ်ချရသောလူမှုအဖွဲ့အစည်းနေရာများ(သွားလာရေးလေ့ကျင့်မှု)အတွင်း ဆက်လက်ညွှန်ကြားမှုပေးနိုင်သော လေ့ကျင့်ရေးနည်းပြများမှ သွားလာရေးညွှန်ကြားချက်ကို သင်ကြားပေးရမည်။ သွားလာရေးလေ့ကျင့်မှုသည် ၎င်းတို့၏ လူမှုအဖွဲ့အစည်းများတွင် လွတ်လပ်မှု၊ ယုံကြည်မှု၊ နေထိုင်နိုင်မှု၊ လေ့လာသင်ယူနိုင်မှု၊ အလုပ်လုပ်နိုင်မှုနှင့် ပါဝင်မှုကို မြှင့်တင်ပေးနိုင်သည်။ ဖြတ်သန်းသယ်ယူပို့ဆောင်ရေးကျွမ်းကျင်ပညာရှင်များသည် အောက်ပါတို့ပါဝင်သော သွားလာရေးညွှန်ကြားချက်ကို ပေးရန် သွားလာရေးလေ့ကျင့်ရေးနည်းပြနှင့်အတူ ပူးပေါင်းလုပ်ဆောင်နိုင်သည်။

- သွားလာရေးဖော်ပြချက် - တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်ဆောင်ရွက်မှုဖြင့် သယ်ယူပို့ဆောင်ရေးစနစ်အား ရှင်းပြခြင်းအကြောင်းအရင်းကို လုပ်ဆောင်ရန် ။
- သွားလာရေးကျွမ်းဝင်မှု - တစ်ဦးချင်း သို့မဟုတ် အုပ်စုလိုက်ဆောင်ရွက်မှုဖြင့် အသုံးပြုခွင့်နှင့် အသုံးပြုနိုင်မှုအကြောင်းအရာများကို ညွှန်ပြရန်/ရှင်းပြရန် သယ်ယူပို့ဆောင်ရေးပုံစံအသစ် သို့မဟုတ် နည်းလမ်းအသစ်အပေါ်မူတည်၍ ကျောင်းသား/သူ(များ)နှင့်အတူ လိုက်ပါသည့် လေ့ကျင့်ရေးနည်းပြနှင့်အတူ သယ်ယူပို့ဆောင်ရေးစနစ်များအသုံးပြုမှုကို မြှင့်တင်ရန်။
- သွားလာရေးလေ့ကျင့်မှု - အများပြည်သူသယ်ယူပို့ဆောင်ရေးဖြင့် လွတ်လပ်စွာသွားလာရန်အတွက် လိုအပ်သောကျွမ်းကျင်မှုများနှင့် အပြုအမူများတွင် တစ်ဦးနှင့်တစ်ဦးသိရှိနားလည်နိုင်သော အထူးစီစဉ်ရေးဆွဲထားသည့်ညွှန်ကြားချက်။ သွားလာရေးလေ့ကျင့်မှုကို လူမှုအဖွဲ့အစည်းနှင့် ယုံကြည်စိတ်ချရသောနေရာများတွင် လုပ်ဆောင်သည်။ https://www.travelinstruction.org/

## *သွားလာရေးညွှန်ကြားချက်ရင်းမြစ်များ*

- သွားလာရေးညွှန်ကြားမှုအဖွဲ့အစည်း(ATI)။ ဤနိုင်ငံတော်အဖွဲ့ဝင်အဖွဲ့အစည်းတွင် အောက်ပါမစ်ရှင်ရှိသည် - သွားလာရေးညွှန်ကြားချက်ကို မြှင့်တင်ရန် ပံ့ပိုးကူညီမှု၊ အသိပေးချက်၊ လေ့ကျင့်သင်ကြားမှုနှင့် ပညာရေးကို စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် အများပြည်သူသယ်ယူပို့ဆောင်ရေး နှင့် လူမှုအဖွဲ့အစည်းပါဝင်မှုကို သာတူညီမျှရရှိစေရန် ချို့ယွင်းမှုရှိသူများအားလုံးနှင့် သက်ကြီးရွယ်အိုများအားလုံး၏ လုပ်ပိုင်ခွင့်ကို တိုးမြှင့်ဆောင်ရွက်ရန်။ https://www.travelinstruction.org/
- နိုင်ငံတော်သက်ကြီးရွယ်အိုနှင့် ချို့ယွင်းမှုရှိသူများသယ်ယူပို့ဆောင်ရေးစင်တာ(NADTC)။ အမေရိကန်သယ်ယူပို့ဆောင်ရေးဌာန၊ ဗဟိုအစိုးရဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုမှ ထောက်ပံ့ပေးသော နိုင်ငံတော်နည်းပညာ အထောက်အကူပြုစင်တာသည် သက်ကြီးရွယ်အိုများ၊ ချို့ယွင်းမှုရှိသူများ၊ ပြုစုစောင့်ရှောက်ပေးသူများနှင့် လူမှုအဖွဲ့အစည်းများအတွက် သယ်ယူပို့ဆောင်ရေးရရှိနိုင်မှုနှင့် အသုံးပြုနိုင်မှုရွေးချယ်စရာများကို မြှင့်တင်ပေးသည်။ www.nadtc.org

***သယ်ယူပို့ဆောင်ရေးနှင့် ရွေ့လျားသွားလာမှုဝန်ဆောင်မှုများကို ခွဲခြားသတ်မှတ်ရန် ရင်းမြစ်များ***

- ရွေ့လျားသွားလာမှုမှူတဆောင်ရွက်ရေးစင်တာ။ MDTrip။ ဤဝက်ဘ်ပေါ်တယ်လဲနှင့် အဖွဲ့အစည်းသည် ကျွန်ုပ်တို့၏ အသုံးပြုသူများအား အလွယ်တကူအသုံးပြုနိုင်သောဝက်ဘ်ဆိုက်ပေါ် ရှိ သယ်ယူပို့ဆောင်ရေးရွေးချယ်စရာမျိုးစုံကို စီစဉ်ဆောင်ရွက်ပေးရန် မေရီလန်းပြည်နယ်တစ်ဝှမ်းလုံးရှိ ဝန်ဆောင်မှုပေးသူများနှင့်အတူ အနီးကပ်ဆောင်ရွက်လျက်ရှိသည်။ ဤမစ်ရှင်သည် မေရီလန်းပြည်နယ်တစ်ဝှမ်းလုံးရှိ သတ်မှတ်နေရာများကို ဝင်ရောက်ခွင့်ရှိရန် သယ်ယူပို့ဆောင်ရေးရွေးချယ်စရာများကို လူတို့စူးစမ်းရှာဖွေအသုံးပြုနိုင်ရန် ကူညီပေးခြင်းဖြစ်သည်။ MDTrip သည် သွားလာရေးညွှန်ကြားချက်ကိုလည်း ပေးသည်။ https://www.mdtrip.org/
- နိုင်ငံတော်ရွေ့လျားသွားလာမှုစီမံခန့်ခွဲရေးစင်တာ။ အမေရိကန်သယ်ယူပို့ဆောင်ရေးဌာန၊ ဗဟိုအစိုးရဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံခန့်ခွဲမှုမှ ထောက်ပံ့ပေးသော နိုင်ငံတော်နည်းပညာ အထောက်အကူပြုစင်တာသည် ကျန်းမာရေးကောင်းမွန်မှု၊ စီးပွားရေးကောင်းမွန်မှု၊ ကိုယ်ပိုင်လုံလောက်မှုနှင့် လူမှုအဖွဲ့အစည်းကို တိုးမြှင့်ပေးသည့် သုံးစွဲသူဗဟိုပြုသည့် ရွေ့လျားသွားလာမှုနည်းဗျူဟာများကို မြှင့်တင်ဆောင်ရွက်ပေးသည်။ NCMM တွင် ဒေသတွင်းသယ်ယူပို့ဆောင်ရေးရင်းမြစ်များဆိုင်ရာ လင့်ခ်များနှင့် သယ်ယူပို့ဆောင်ရေးရင်းမြစ်များအကြောင်း အသိပညာပေးသည့် ရွေ့လျားသွားလာမှုစီမံခန့်ခွဲသူများဟုခေါ်သော ကျွမ်းကျင်ပညာရှင်များကွန်ရက်များပါဝင်သည်။ www.nc4mm.org

# Healthcare Resourcesကျန်းမာရေးစောင့်ရှောက်မှုရင်းမြစ်များ

ကျန်းမာရေးစောင့်ရှောက်မှုရရှိခွင့်သည် ကျောင်းပညာရေးစနစ်မှ ထွက်သည့် ကျောင်းသား/သူများအတွက် အရေးကြီးသောသုံးသပ်ချက်ဖြစ်သည်။ အထက်တန်းကျောင်းမှ အရွယ်ရောက်သူဘဝအထိ ကူးပြောင်းသည့် လူငယ်အနေဖြင့် ၎င်းတို့၏ တတိယအဆင့်ရည်မှန်းချက်များကို ရရှိရန် ကျန်းမာသောဘဝနေထိုင်မှုပုံစံကို ထိန်းသိမ်းရန် အရေးကြီးသည်။ ဤတွင် ၎င်းတို့၏ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးများစီမံခန့်ခွဲခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးရေးကျွမ်းကျင်ပညာရှင်များနှင့် ချိတ်ဆက်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှု အာမခံရွေးချယ်စရာများကို နားလည်ခြင်းတို့ပါဝင်သည်။ ချို့ယွင်းမှုများရှိသူတစ်ဦးချင်းစီတို့သည် ၎င်းတို့ အသက် ၂၁ နှစ်မပြည့်ခင်အထိ ကလေးအထူးကုဆရာဝန်များထံတွင် ပြသနိုင်သော်လည်း အချို့အချက်အရ ကလေးအထူးကုဆရာဝန်မှ အရွယ်ရောက်သူများအထူးကုဆရာဝန်သို့ ကူးပြောင်းရန် အရေးကြီးသည်။ အောက်ပါလင့်ခ်များသည် ချို့ယွင်းမှုများရှိသူတစ်ဦးချင်းစီအတွက် ကျန်းမာရေးစောင့်ရှောက်မှုနှင့် အရွယ်ရောက်သူကျန်းမာရေးစောင့်ရှောက်မှုကူးပြောင်းရေးနှင့်ပတ်သက်၍ အသိပေးချက်ကို ဖော်ပြထားသည်။

- မျိုးရိုးဗီဇနှင့် လူမျိုးရေးရာ အထူးလိုအပ်ချက်များရင်းမြစ်ရှာဖွေရေးရုံး https://phpa.health.maryland.gov/genetics/Pages/home.aspx
- အပြည့်အဝဦးစားပေးကုသမှုအတွက် အမျိုးသားဆေးကုသရေးစင်တာ-https://medicalhomeinfo.aap.org/Pages/default.aspx
- လူငယ်မှ အရွယ်ရောက်သူကျန်းမာရေးစောင့်ရှောက်မှုသို့ ကူးပြောင်းခြင်း- https://phpa.health.maryland.gov/genetics/Pages/Health_Care_Transition.aspx
- ကူးပြောင်းခြင်း -http://www.gottransition.org/

# လူမှုအဖွဲ့အစည်းဝင်ရောက်အသုံးပြုမှုရင်းမြစ်များ

## *ဖျော်ဖြေရေးနှင့် အပန်းဖြေရေး*

- မေရီလန်းလေ့လာသင်ကြားရေးလင့်ခ်များသည် မေရီလန်းပြည်နယ်တစ်ခုလုံးတွင် ဖျော်ဖြေရေးနှင့် အပန်းဖြေရေးပရိုဂရမ်များနှင့် ဖျော်ဖြေရေးလုပ်ငန်းများအား ပါဝင်သည့် ပြည့်စုံသောရင်းမြစ်များကွန်ရက်ကို စီစဉ်လုပ်ဆောင်လျက်ရှိသည်။ https://marylandlearninglinks.org
- အားလုံးအတွက် ဝင်ရောက်အသုံးပြုခွင့် - ပြည်နယ်၏ ခမ်းနားသောသဘာဝရင်းမြစ်များသည် နိုင်ငံသားများနှင့် လာရောက်လည်ပတ်သူများအားလုံးအတွက် အသုံးပြုခွင့်ရှိကြောင်း သေချာစေရန် မေရီလန်းသဘာဝရင်းမြစ် များဌာန (DNR) မှ ဆောင်ရွက်လျက်ရှိသည်။ အတွေးအမြင်နှင့် ဒီဇိုင်းမှ တည်ဆောက်မှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှုအထိ ချို့ယွင်းမှုရှိသူများအား မေရီလန်း၏ ပြင်ပနေရာကောင်းများတွင် ခံစားနိုင်စေရန် စခန်းချသည့်နေရာများ၊ တံများ၊ ငါးဖမ်းခြင်းနှင့် လှေစီးခြင်းပြုလုပ်သည့်ဆိပ်ကမ်းများ၊ ခရီးသွားစင်တာများ၊ လမ်းကြောင်းများနှင့် အခြားပြင်ပဖျော်ဖြေရေးနေရာများတွင် အချိန်နှင့် အာရုံစူးစိုက်မှုကို ကုန်ဆုံးစေသည်။ DNR သည် ချို့ယွင်းမှုရှိသူများကို ထည့်သွင်းရန် ဝင်ရောက်အသုံးပြုခွင့်ကို ပံ့ပိုးတိုးချဲ့လုပ်ဆောင်လျက်ရှိသည်။ http://dnr.maryland.gov/Publiclands/Pages/accessforall.aspx

## လူမှုအဖွဲ့အစည်းနေထိုင်မှုရင်းမြစ်များ

- သီးခြားနေထိုင်ရေးစင်တာများသည် ချို့ယွင်းမှုရှိသူများအား လူမှုအဖွဲ့အစည်းတွင် ကိုယ်တိုင်စီမံညွှန်ကြားခြင်း၊ လွတ်လပ်ခြင်းနှင့် အကျိုးဖြစ်ထွန်းသောဘဝနေထိုင်မှုများကို ဦးတည်ဆောင်ရွက်ရန် အားပေးနိုင်သည့် ဝန်ဆောင်မှုများကို စီစဉ်ဆောင်ရွက်ပေးသည်။ http://www.msilc.org/map.html
- ဝန်ဆောင်မှုအသုံးပြုခွင့်နှင့် အသိပေးချက်လင့်ခ်(SAIL) - ဝက်ဘ်အခြေပြုသော ရိုက်ကူးရေးအပလီကေးရှင်းကိရိယာသည် မေရီလန်းနေထိုင်သူများအား မေရီလန်းပြည်နယ်မှ ပေးထားသောအခြားလူမှုရေးဝန်ဆောင်မှုများကို အသုံးပြုခွင့်ပြုသည်၊ ပြန်လည်ပြုပြင်ခွင့်ပြုသည် သို့မဟုတ် လေ့လာသင်ယူခွင့်ပြုသည်။ https://mydhrbenefits.dhr.state.md.us/dashboardClient/#/home
- လူမှုဖူလုံရေးစီမံခန့်ခွဲရေးစာအုပ်နီ - လူမှုဖူလုံရေးအာမခံ (SSDI) နှင့် အပိုအာမခံဝင်အကျိုးခံစားခွင့်ပရိုဂရမ်များအတွက် အလုပ်အကိုင်နှင့်သက်ဆိုင်သောပြဌာန်းချက်များအတွက် လျင်မြန်သောရည်ညွှန်းချက်ရင်းမြစ်။ https://www.ssa.gov/redbook/eng/main.htm
- အကူအညီအတွက် ပထမဆုံးခေါ်ဆိုဆက်သွယ်မှု - ဘဲလ်တီမိုးဒေသအတွင်း 410-685-0525 သို့မဟုတ်  ဘဲလ်တီမိုးပြင်ပ in the greater Baltimore area or (800) 492-0618 သို့ ဆက်သွယ်ခြင်းဖြင့် မေရီလန်းရှိ ကျန်းမာရေးနှင့် လူသားဝန်ဆောင်မှုများရှိ အခမဲ့ဖြစ်ပြီး လျှို့ဝှက်လွှဲပြောင်းရည်ညွှန်းစာကို ရယူပါ။ https://211md.org/

## အိမ်တွင်းပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများ

- လူမှုအဖွဲ့အစည်းပထမဆုံးရွေးချယ်မှု (CFC) ပရိုဂရမ်သည် သက်ကြီးရွယ်အိုများနှင့် ချို့ယွင်းမှုရှိသူများတစ်ဦးချင်းတို့အား ၎င်းတို့ကိုယ်ပိုင်အိမ်များတွင် နေထိုင်နိုင်ရန် လူမှုအဖွဲ့အစည်းဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများကို ပေးသည်။ အချို့ပံ့ပိုးကူညီမှုများတွင် ကိုယ်ပိုင်အကူအညီဝန်ဆောင်မှုများ၊ ကိုယ်ပိုင်အရေးပေါ်တုံ့ပြန်ရေးစနစ်များ၊ အထောက်အကူပြုနည်းပညာ၊ ရရှိနိုင်ခွင့်လိုက်လျောညီထွေပြောင်းလဲမှုများ၊ သုံးစွဲသူလေ့ကျင့်မှုနှင့် အိမ်တိုင်ရာရောက်အစားအစာများပေးပို့ခြင်းတို့ ပါဝင်သည်။ တစ်ဦးချင်းတို့သည် ပြုစုစောင့်ရှောက်မှုဖွဲ့စည်းပုံအဆင့်နှင့် ကိုက်ညီရမည်ဖြစ်ပြီး ငွေကြေးအရ လူမှုအဖွဲ့အစည်းဆိုင်ရာ ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုကို ရရှိနိုင်သည်။ ပိုမိုသိရှိလိုပါက ဆင်းရဲသူများအတွက် ဆေးဝါးကူညီမှုဆိုင်ရာ ရေရှည်ပြုစုစောင့်ရှောက်မှုနှင့် သက်ညှာခွင့်ဝန်ဆောင်မှုများအတွက်  410-767-1739 or 1-877-463-3464 သို့ဆက်သွယ်နိုင်သည် သို့မဟုတ် MD လက်ဆင့်ကမ်းရေးဝန်ဆောင်မှုအတွက် 1-800- 735-2258 သို့ ဆက်သွယ်နိုင်သည်။ ပိုမိုသိရှိလိုပါက မေရီလန်းပြည်နယ်ကျန်းမာရေးဌာနသို့ သွားရောက်ပါ။
- မေရီလန်းကိုယ်ပိုင်ပြုစုစောင့်ရှောက်မှု(MAPC) ပရိုဂရမ်သည် ဆင်းရဲသူများအတွက် အရည်အသွေးပြည့်မီသည့် ချို့ယွင်းမှုများရှိသော သို့မဟုတ် နာတာရှည်ဆေးကုသမှုအခြေအနေများရှိသောသူတစ်ဦးချင်းတို့အား အိမ်တွင်းကိုယ်ပိုင်ပြုစုစောင့်ရှောက်မှု၊ ပံ့ပိုးကူညီမှုများစီမံကိန်းနှင့် သူနာပြုကြည့်ရှုစစ်ဆေးရေးဝန်ဆောင်မှုများကို ပေးသည်။ ဝန်ဆောင်မှုများကို အလုပ်ခွင်နေရာတွင် စီစဉ်ပေးနိုင်သည်။ ဒေသဆိုင်ရာကျန်းမာရေးဌာနများမှတစ်ဆင့် ဤပရိုဂရမ်ကို ကြီးကြပ်ဆောင်ရွက်သည်။ ပိုမိုသိရှိလိုပါက သင့်ဒေသဆိုင်ရာ ကျန်းမာရေးဌာန သို့မဟုတ် မေရီလန်းပြည်နယ်ကျန်းမာရေးဌာနဖုန်း 410-767-1739 or 1-877-463-3464 သို့ဆက်သွယ်ပါ သို့မဟုတ် MD လက်ဆင့်ကမ်းရေးဝန်ဆောင်မှုအတွက် 1-800- 735-2258 သို့ ဆက်သွယ်ပါ။
- လူမှုအဖွဲ့အစည်းလမ်းကြောင်းများသက်ညှာခွင့်ကို မေရီလန်းပြည်နယ်ကျန်းမာရေးဌာန (DMH) လက်အောက်ရှိ ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းသူများစီမံခန့်ခွဲရေးမှ ကြီးကြပ်ဆောင်ရွက်သည်။ သက်ညှာခွင့်သည် လိုင်စင်ထုတ်ပေးသူအေဂျင်စီများ သို့မဟုတ် ကိုယ်ပိုင်စီမံညွှန်ကြားသောဝန်ဆောင်မှုများဆိုင်ရာ သီးခြားထောက်ပံ့ပေးသူများမှ ထောက်ပံ့စီစဉ်ပေးသည့် ဉာဏ်ရည်ပိုင်း သို့မဟုတ် ဖွံ့ဖြိုးမှုပိုင်း ချို့ယွင်းမှုရှိသူတစ်ဦးချင်းစီတို့အား ရရှိနိုင်သောဝန်ဆောင်မှုများကို ပေးသည်။ ဝန်ဆောင်မှုများကို ရရှိရန် စောင့်ဆိုင်းမှုစာရင်းရှိပြီး ထောက်ပံ့နိုင်မှုသည် လိုအပ်မှုအပေါ် မူတည်သည်။ ပိုမိုသိရှိလိုပါက သို့မဟုတ် စောင့်ဆိုင်းမှုစာရင်းကို လျှောက်ထားလိုပါက DDA ရုံးချုပ်နေရာများ https://dda.health.maryland.gov/Pages/home.aspx တွင် ဆက်သွယ်ပါ သို့မဟုတ် ဖုန်း 410-767-5600 ကို ဆက်သွယ်ပါ။ DDA ဒေသဆိုင်ရာရုံးများအတွက် ပိုမိုသိရှိလိုပါက https://dda.health.maryland.gov/Pages/Regional%20Offices.aspx.တွင် ဝင်ရောက်ကြည့်ရှုပါ။
- ဆိုးဝါးပြင်းထန်မှုနည်းပါးရေးပံ့ပိုးကူညီမှုဝန်ဆောင်မှုများ (LISS) ပရိုဂရမ်ကို မေရီလန်းပြည်နယ်ကျန်းမာရေးဌာနလက်အောက်ရှိ ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းမှုရှိသူစီမံခန့်ခွဲရေး (DDA) မှ ကြီးကြပ်ဆောင်ရွက်ပြီး ချို့ယွင်းမှုရှိသူနှင့် မိသားစုမှ ဝန်ဆောင်မှုများပံ့ပိုးကူညီမှုများအတွက် $2,000 ကို ရရှိနိုင်သည်။ DDA သည် ဘဏ္ဍာနှစ်အတွင်း LISS ငွေကြေးထောက်ပံ့ခြင်းကို နှစ်ကြိမ် (ဇူလိုင် ၁-၃၁ ရက်နှင့် ဇန်နဝါရီ ၁-၃၁ ရက်) လုပ်ဆောင်သည်။  LISS ငွေကြေးထောက်ပံ့ခြင်းကို ကြံ့ရာရွေးချယ်မှုနှင့် ရရှိနိုင်မှုလိုအပ်ချက်များအပေါ် အခြေခံ၍ လုပ်ဆောင်သည်။ LISS သည် လူမှုအဖွဲ့အစည်းအတွင်း လွတ်လပ်မှု၊ အကျိုးဖြစ်မှုနှင့် ပူးပေါင်းပါဝင်မှုကို မြှင့်တင်ရန် ကိုယ်ပိုင်နှင့် အဖော်ပြုစုစောင့်ရှောက်မှု၊ ယာယီရပ်ဆိုင်းထားသောပြုစုစောင့်ရှောက်မှုနှင့် အခြားပြုစုစောင့်ရှောက်မှုများကို ပါဝင်ထည့်သွင်းရန် တစ်ဦးချင်းပံ့ပိုးကူညီမှုဝန်ဆောင်မှုများနှင့် မိသားစုပံ့ပိုးကူညီမှုဝန်ဆောင်မှုအမျိုးမျိုးအတွက် ငွေကြေးထောက်ပံ့ခြင်းကို ဆောင်ရွက်လျက်ရှိသည်။ လက်ရှိတွင် လျှောက်လွှာများလုပ်ဆောင်ရန် တာဝန်ရှိသော ပြည်နယ်တစ်ဝှမ်းလုံးရှိ LISS အေဂျင်စီလေးခုရှိသည်။ ပိုမိုသိရှိလိုပါက https://dda.health.maryland.gov/Pages/liss.aspx. သို့ ဝင်ရောက်ကြည့်ရှုပါ။

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

### *အိုးအိမ်နေရာရင်းမြစ်များ*

- မေရီလန်းအိုးအိမ်နေရာရှာဖွေမှုဒေတာဘေ့စ် - မေရီလန်းအိုးအိမ်နှင့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေးဌာန၏ သက်သာသောအိုးအိမ်အတွက် ရှာဖွေမှုဒေတာဘေ့စ်။ http://www.mdhousingsearch.org/
- မေရီလန်းရှိ သက်သာသောအိမ်ရာတိုက်ခန်းရှာဖွေမှု - ဝင်ငွေနည်းပါးသူများအတွက် ထောက်ပံ့ကြေးများပေးရန် HUD မှ ငွေကြေးထောက်ပံ့မှုကို လက်ခံရရှိသော အမေရိကန်အိုးအိမ်နေရာနှင့် မြို့ပြအိမ်ရာဖွံ့ဖြိုးတိုးတက်ရေးဌာနမှ ထိန်းသိမ်းဆောင်ရွက်သည့် ဒေတာဘေ့စ်။ http://www.hud.gov/apps/section8/step2.cfm?state=MD
- GoSection8.com - အပိုင်း ၈ ဘောင်ချာများကို လက်ခံရရှိသည့်သူများ ရရှိနိုင်သောအိုးအိမ်နေရာဒေတာဘေ့စ်။ http://www.gosection8.com/

### *ငှားရမ်းခထောက်ပံ့ရေးပရိုဂရမ်*

- မေရီလန်းတွင် ၎င်းတို့၏ လူမှုအဖွဲ့အစည်းရှိ အိုးအိမ်နေရာငှားရမ်းခပေးရန် ဝင်ငွေနည်းပါးမှုရှိသူတို့အား ကူညီပေးရန် ပရိုဂရမ်များရှိသည်။သို့ရာတွင် စောင့်ဆိုင်းမှုစာရင်းများသည် ကြာမြင့်သောကြောင့် ဖြစ်နိုင်လျှင် အမြန်ဆုံးချက်ချင်းလျှောက်ထားပါ။
- မေရီလန်းချို့ယွင်းမှုရှိသူများဌာန(MDOD) သည် ဝင်ငွေနည်းပါးသောချို့ယွင်းမှုရှိသူများအတွက် ပရိုဂရမ်နှစ်ခုကို စီစဉ်ဆောင်ရွက်ပေးသည်။
  - ချို့ယွင်းမှုရှိသူများအတွက် Harry & Jeanette Weinberg အိုးအိမ်နေရာငှားရမ်းခသက်သာရေးအခွင့်အလမ်းများ
  - ချို့ယွင်းမှုရှိသူများအတွက် ပရောဂျက်ငှားရမ်းရေးအကူအညီ ပုဒ်မ 811

ချို့ယွင်းမှုရှိသူများနှင့် ချို့ယွင်းမှုမရှိသူများသည် အများပြည်သူအိုးအိမ်နေရာ သို့မဟုတ် ငှားရမ်းရေးအကူအညီကို အိုးအိမ်နေရာရွေးချယ်ရေးဘောင်ချာ (အပိုင်း ၈) ပရိုဂရမ်မှတစ်ဆင့် လျှောက်ထားနိုင်သည်။ သင့်နေရာတွင် ရရှိနိုင်သောအကူအညီကို ရှာဖွေရန် သင့်ကောင်တီ၏ အများပြည်သူအိုးအိမ်နေရာအေဂျင်စီ ကို ဆက်သွယ်ပါ။ မှတ်ချက်- အရှေ့ဘက်ကမ်းခြေ၊ Garrett၊ Alleganyနှင့် Frederick ကောင်တီနေထိုင်သူများအနေဖြင့် သင့်နေရာရှိ အများပြည်သူအိုးအိမ်နေရာအေဂျင်စီအဖြစ် ဆောင်ရွက်ပေးသည့် https://www.hud.gov/states/maryland/renting/hawebsites, ကို ဆက်သွယ်ပါ။

# အုပ်ထိန်းမှုနှင့် ရွေးချယ်စရာများ

အသက် ၁၈ နှစ် သို့မဟုတ် ယင်းအသက်ထက်ကြီးသောသူတစ်ဦးချင်းစီတိုင်းသည် ၎င်းတို့၏ ဘဝနေထိုင်မှုများနှင့် ပတ်သက်သောဆုံးဖြတ်ချက်များကို ချပိုင်ခွင့်ရှိသည်။ သို့ရာတွင် အချို့တစ်ဦးချင်းတို့သည် အဆိုပါအရေးကြီးသောဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အကူအညီလိုအပ်နိုင်သည်။ တရားရုံးရှေ့နေ၏ အုပ်ထိန်းမှုနှင့် ရေရှည်အာဏာသည် ချို့ယွင်းမှုရှိသူတစ်ဦးချင်း၏ ကိစ္စရေးရာတို့ကို သင့်လျော်စွာ ကိုင်တွယ်ဖြေရှင်းကြောင်း သေချာစေရန် ဖြစ်နိုင်သောရွေးချယ်စရာနှစ်ခုကို ပေးသည်။ ရွေးချယ်စရာနှစ်ခုတွင် သိသာထင်ရှားသောကွဲပြားခြားနားမှုများရှိသည်။ ပိုမိုသိရှိလိုပါက ကျေးဇူးပြု၍ အုပ်ထိန်းမှုနှင့် ၎င်း၏ ရွေးချယ်စရာများလက်စွဲစာအုပ်ကို ကိုးကားပါ။ http://www.disabilityrightsmd.org/wp-content/uploads/2011/12/Guardianship-Handbook-2011.pdf

# ဘဏ္ဍာရေးစီမံကိန်း/ အထူးလိုအပ်ချက်များယုံကြည်အပ်နှံမှုများ/ အိမ်ရာစီမံကိန်း

ဘဏ္ဍာရေးစီမံကိန်းသည် ကမ္ဘာတွင် ငွေကြေးလုပ်ဆောင်ပုံ၊ တစ်စုံတစ်ယောက်မှ ဝင်ငွေရရှိရန် စီမံဆောင်ရွက်ပုံ သို့မဟုတ် လုပ်ဆောင်ပုံ၊ ထိုသူမှ ၎င်းအား စီမံဆောင်ရွက်ပုံ၊ ၎င်းတို့မှ ယင်းအား တိုးပွားလုပ်ဆောင်နိုင်ပုံနှင့် ထိုသူမှ အခြားသူများကို ကူညီရန် ယင်းအားလှူဒါန်းပုံတို့ကို နားလည်နိုင်စွမ်းဖြစ်သည်။ အထူးသဖြင့် ၎င်းမှာ တစ်ဦးချင်းစီအား ၎င်းတို့၏ ဘဏ္ဍာငွေများနှင့်ပတ်သက်၍ အသိပေးပြီး ထိရောက်သောဆုံးဖြတ်ချက်များကို ချမှတ်ခွင့်ပြုသည့် ကျွမ်းကျင်မှုများနှင့် အသိပညာအစုံကို ရည်ညွှန်းသည်။ ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီအတွက် ထူးခြားသောလိုအပ်ချက်များနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသော ဘဏ္ဍာရေးစီစဉ်ရေးဆွဲသူနှင့် တိုင်ပင်ဆွေးနွေးရန် အကြံပြုပါသည်။ ချစ်သူများအတွက် ဘဏ္ဍာရေးစီမံကိန်းသည် အထူးသဖြင့် ချို့ယွင်းမှုများရှိသောဆွေမျိုးများရှိ သည့် မည်သည့်မိသားစုအတွက်မဆို မတွန့်မလှုပ်လုပ်ဆောင်ချက်ဖြစ်သည်။ ချို့ယွင်းမှုရှိသူများသည် ယခင်ထက် ပိုမိုကြာရှည်ပြီး ပိုမိုပြည့်စုံသောဘဝများကို နေထိုင်ကြသည်။ ဤအကြောင်းအရာအားဖြင့် မိဘများနှင့်/သို့မဟုတ် အုပ်ထိန်းသူများသည် ၎င်းတို့၏ ပြုစုစောင့်ရှောက်မှုကို ရေရှည်မကိုင်တွယ်နိုင်သောကြောင့် ၎င်းတို့အတွက် ဘဏ္ဍာရေးအစီအစဉ်ကို ပြင်ဆင်ရန်မှာ အရေးကြီးသည်။ ယင်းကဲ့သို့အနာဂတ်စောင့်ရှောက်မှုအတွက် စီမံခန့်ခွဲရန် အများစုတို့မှ အသုံးပြုသော ဘဏ္ဍာရေးအကြောင်းအရာသည် လက်ဝယ်ထားရှိမှုတစ်ခုဖြစ်သည်။ ယုံကြည်အပ်နှံမှုသည် ပါတီတစ်ခုမှ အခြားပါတီ၏ ဘဏ္ဍာရေးအကျိုးခံစားခွင့်အတွက် ပိုင်ဆိုင်မှုကို ကိုင်ဆောင်ထားသည့် တရားဝင်စီမံဆောင်ရွက်မှုဖြစ်သည်။ အခြားနည်းဖြင့်ဆိုရသော် ယုံကြည်အပ်နှံမှုကို ဖန်တီးလုပ်ဆောင်သည့် ပါတီဖြစ်သော အာမခံပုဂ္ဂိုလ်ကိုင်ဆောင်ထားသည့်နေရာတစ်နေရာဟု သတ်မှတ်နိုင်ပြီး ၎င်းတို့သည် ၎င်းတို့အား သတ်မှတ်ထားသောအကျိုးခံစားခွင့်ရှိသူများထံသို့ မပေးအပ်မီ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို ထိန်းသိမ်းထားရှိမည်။ ယုံကြည်အပ်နှံမှုအာမခံပုဂ္ဂိုလ်များသည် မိဘ၊ ဘိုးဘွား၊ တရားဝင်အုပ်ထိန်းသူ သို့မဟုတ် တရားရုံးရှေ့နေတို့ ဖြစ်နိုင်သည်။ ထို့အပြင် မိသားစုအခြေအနေများပြောင်းလဲခြင်းအတွက် အသုံးပြုနိုင်သည့် ယုံကြည်အပ်နှံမှုအမျိုးမျိုးရှိသည်။

အထူးလိုအပ်ချက်များယုံကြည်အပ်နှံမှုများ(SNTs) သည် ချို့ယွင်းမှုများရှိသောဆွေမျိုးများနှင့် အထူးလိုအပ်ချက်များရှိသောဆွေမျိုးများအတွက်

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

ငွေကြေးတည်ငြိမ်မှုကို ဆောင်ရွက်ပေးရန် မိသားစုများမှ အသုံးပြုသော ပေါင်းစည်းထားသည့်ယုံကြည်အပ်နှံမှုအမျိုးအစားဖြစ်သည်။ အဆိုပါယုံကြည်အပ်နှံမှုများသည် မူလအားဖြင့် အစိုးရအကူအညီတစ်ခုတည်းဖြင့် ဖြစ်လာနိုင်သော ပိုမိုအဆင့်အတန်းမြင့်မားသောဘဝနေထိုင်မှုကို ၎င်းတို့အား ထိန်းသိမ်းခွင့်ပြုစဉ် အစိုးရအကူအညီအတွက် ဆွေမျိုး၏ ရရှိနိုင်ခွင့်ကို ရည်ရွယ်သည်။

သင်ကိုယ်တိုင်၊ မိသားစုဝင်တစ်ဦး သို့မဟုတ် သူငယ်ချင်းတစ်ယောက်အတွက် လိုလားသောအနာဂတ်ကို မျှော်မှန်းခြင်းနှင့် ယင်းနောက်လိုအပ်သောဝန်ဆောင်မှုများနှင့် ပံ့ပိုးကူညီမှုများကို ခွဲခြားသတ်မှတ်ခြင်းကို ရည်ညွှန်းသည့် အနာဂတ်စီမံကိန်းအပိုင်းအနေဖြင့် အိမ်ရာစီမံကိန်းသည် သင်၏ အသက်ရှင်ချိန် သို့မဟုတ် သေဆုံးချိန်တွင် အခြားသူများအား ငွေကြေး သို့မဟုတ် ပိုင်ဆိုင်မှုများကို သင်မည်သို့လွှဲပြောင်းပုံစီစဉ်ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်ကို ရည်ညွှန်းသည့်  ယင်းအစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤလုပ်ငန်းစဉ်တွင် သင်၏ အစီအစဉ်တွင် ကူညီရန်နှင့် မှန်ကန်သောစာရွက်စာတမ်းများကို စီမံဆောင်ရွက်ရန် အမျှော်အမြင်ရှိသောပြင် ဆင်မှုနှင့် အထောက်အကူဖြစ်စေပြီး အသိဉာဏ်ကြွယ်ဝသောသူများလိုအပ်သည်။ ရွေးချယ်စရာများကို စဉ်းစားပြီး စီမံကိန်းလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ပေးသည့် မိသားစုဝင်များကဲ့သို့ တန်ဖိုးရှိသောရင်းမြစ်များ အဖြစ် ဆောင်ရွက်ပေးသောလမ်းညွှန်ချက်များရှိသည်။

အနာဂတ်ဥပမာများနှင့် အိမ်ရာစီမံကိန်းလမ်းညွှန်ချက်များနှင့် လက်စွဲစာအုပ်များကို ကြည့်ရှုရန် အောက်တွင် ဖော်ပြထားသော ဝက်ဘ်ဆိုက်များသို့ ဝင်ရောက်ကြည့်ရှုပါ။

ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းမှုများရှိသောကလေးများနှင့် အရွယ်ရောက်သူများ၏ မိသားစုများအတွက် အနာဂတ်နှင့် အိမ်ရာစီမံကိန်းလမ်းညွှန်ချက်

- အနာဂတ်စီမံကိန်း
- သင့်ကလေးအသက် ၁၈ နှစ်တွင် အထူးလိုအပ်ချက်များအုပ်ထိန်းမှုလမ်းညွှန်ချက်
- Able အကောင့်များ
- မေရီလန်း ABLE ပရိုဂရမ်
- ABLE နိုင်ငံတော်ရင်းမြစ်စင်တာ
- အထူးလိုအပ်ချက်များပြုစုစောင့်ရှောက်မှုအတွက် ဘဏ္ဍာရေးစီမံကိန်း - အထူးလိုအပ်ချက်များယုံကြည်အပ်နှံမှုများ (SNTs)

# ခြုံငုံသုံးသပ်ချက်

ကူးပြောင်းရေးစီမံကိန်းသည် ကျောင်းမှ အရွယ်ရောက်သူအထိ ကျောင်းသား/သူ၏ ပြည့်စုံသောခရီးစဉ်အပိုင်းဖြစ်သည်။ ၁၂ နှစ်ကျော်ကြာ ပုံမှန်ဖြစ်သောကျောင်းနယ်ပယ်မှ ထွက်ခြင်းနှင့် မသိရသေးသောအရွယ်ရောက်သူလောကသို့ ဝင်ရောက်ခြင်းသည် ကျောင်းသား/သူများနှင့် ၎င်းတို့၏ မိသားစုများအတွက် မပြီးပြတ်သေးပါ။ အရွယ်ရောက်သူလောကသို့ ဂရုတစိုက်ကူးပြောင်းရေးစီမံကိန်းသည် ကျောင်းသား/သူ၊ ကျောင်းဝန်ထမ်း၊ မိသားစုနှင့် လူမှုအဖွဲ့အစည်းမှတစ်ဆင့် ဤအကြောက်တရားများကို လျှော့နည်းစေသည်။

၎င်းတို့အရွယ်ရောက်သူလောကသို့ ရောက်ရှိချိန်တွင် ကျောင်းသား/သူများနှင့်တူညီမည့်ဘဝကို စတင်စီစဉ်ရေးဆွဲရန် လုံးဝနောက်မကျပါ။ ကျောင်းသား/သူများသည် အထက်တန်းကျောင်းမှ အလုပ်အကိုင်၊ တတိယအဆင့်ပညာရေးနှင့် လူမှုအဖွဲ့အစည်းဘဝအထိ ကူးပြောင်းသောကြောင့် ဤလမ်းညွှန်ချက်ကို ၎င်းတို့အားကူညီပေးသည့် မိသားစုများနှင့် ကျွမ်းကျင်ပညာရှင်များ၏ ရင်းမြစ်တစ်ခုအဖြစ် ဆောင်ရွက်ရန် ဆိုလိုသည်။ အဆင်ပြေချောမွေ့သောကူးပြောင်းမှုကို ဖြစ်စေနိုင်သည့် လိုအပ်သောပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများကို စီစဉ်၍ အာမခံရန် IEP အသင်းအဖွဲ့နှင့် ချိတ်ဆက်၍ အသုံးပြုရမည့် စတင်သည့်အမှတ်နှင့် ရေးဆွဲခြင်းအကြောင်းအရာဖြစ်သည်ဟု ဆိုလိုသည်။

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

# နောက်ဆက်တွဲ A

***အသက် ၂၁ နှစ်တွင် ကျောင်းပညာရေးစနစ်မှ ထွက်ပြီး DDA ဝန်ဆောင်မှုများရရှိနိုင်သော ကျောင်းသား/သူများအတွက် ကူးပြောင်းရေးအချိန်သတ်မှတ်ချက်***

| **အသက်/အချိန် သတ်မှတ်ချက်** | ***အသက် ၂၁ နှစ်တွင် ကျောင်းပညာရေးစနစ်မှ ထွက်ပြီး DDA ဝန်ဆောင်မှုများရရှိနိုင်သော ကျောင်းသား/သူများအတွက် ကူးပြောင်းရေးအချိန်သတ်မှတ်ချက်*** |
|---|---|
| **အသက် ၁၄/၁၅နှစ် (သို့မဟုတ် သင့်လျော်ပါက ယင်းအသက် အောက်)** | • စွမ်းဆောင်ရည်များ၊ အားသာချက်များနှင့် စိန်ခေါ်မှုများကို စတင်ခွဲခြားသတ်မှတ်ပါ။<br>• ချို့ယွင်းမှုအကြောင်းနှင့် ၎င်းမှ လေ့လာသင်ကြားရေးနှင့် အခြားဘဝလုပ်ဆောင်ချက်များအား သက်ရောက်ပုံအကြောင်း လေ့လာသင်ယူပါ။ https://www.youthhood.org/hangout/km_disability.asp<br>• ကိုယ်တိုင်စတင်အားပေးပါ။ IEP အစည်းအဝေးများတွင် တက်ရောက်ပါဝင်ပါ။ https://marylandlearninglinks.org/<br>• နှစ်စဉ်ကူးပြောင်းရေးအကဲဖြတ်တွက်ချက်မှုများ (ဆိုလိုသည်မှာ အလုပ်အကိုင်အကျိုးအမြတ် စစ်တမ်းများ၊ ကျောင်းသား/သူအင်တာဗျူး) တွင် စတင်ပါဝင်ပါ။ http://nsttac.org/content/age-appropriate-transition-assessment-toolkit-3rd-edition<br>• အလုပ်အကိုင်အကျိုးအမြတ်များနှင့် တတိယအဆင့်ရည်မှန်းချက်များကို စတင်ခွဲခြားသတ်မှတ်ပါ။<br>• ကျောင်းနယ်ပယ်အတွင်း ကူးပြောင်းရေးပံ့ပိုးကူညီမှုပေးပုံကို လေ့လာပါ။ ကူးပြောင်းပေးရေး အမှုထမ်းကို ခွဲခြားသတ်မှတ်ပါ။<br>• နှစ်စဉ် IEP အစည်းအဝေးတွင် ကနဦးကူးပြောင်းရေးအစီအစဉ်ကို လုပ်ဆောင်ပါ။ ကျောင်းသား/သူအသက် ၁၄ နှစ်ပြည့်ချိန် IEP နှစ်တွင် ကူးပြောင်းရေးအစီအစဉ်ကို လုပ်ဆောင်ပြီး နှစ်စဉ်ပြင်ဆင်လုပ်ဆောင်ပါ။ http://www.mdtransitions.org/<br>• ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းမှုရှိသူများစီမံခန့်ခွဲမှု (DDA) တွင် လျှောက်ပါ။ https://dda.health.maryland.gov/pages/Home.aspx<br>• အထက်တန်းကျောင်းတွင် စာရင်းပေးသွင်းပါက ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများ (DORS) မှတစ်ဆင့် ကြိုတင်အလုပ်အကိုင်ကူးပြောင်းရေးဝန်ဆောင်မှုများ (Pre-ETS) ကို စုံစမ်းစစ်ဆေးပါ။<br>• ကျောင်းသား/သူနှင့် မိသားစုသည် ဝန်ဆောင်မှုများကို လျှောက်ထားရန် စိတ်ဝင်စားပါက DDA သို့မဟုတ် DORS နှင့်အတူ ပညာရေးဆိုင်ရာအချက်အလက်ကို ဝေမျှရန် ကျောင်းအတွက် ရေးသားသဘောတူညီမှုကို ပေးပါ။<br>• လူမှုအဖွဲ့အစည်းကူးပြောင်းရေးပွဲများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို စတင်တက်ရောက်ပါ။<br>• ကူးပြောင်းရေးစီမံကိန်းပင်မဖိုင်ကို ဖန်တီးတည်ဆောက်ပါ။<br>• သင့်ကျောင်းတွင် ပေးထားသော လူမှုအဖွဲ့အစည်းအခြေခံသည့်ညွှန်ကြားချက် အခွင့်အလမ်းများတွင် စူးစမ်းရှာဖွေပါဝင်ပါ။ |
| **အသက် ၁၆/၁၇ နှစ်** | • သင့်ကျောင်းနယ်ပယ်မှတစ်ဆင့် အလုပ်အကိုင်လေ့ကျင့်ရေးအခွင့်အလမ်းများတွင် စူးစမ်းရှာဖွေပါဝင်ပါ။<br>• မော်တော်ယာဉ်ကြီးကြပ်စစ်ဆေးရေးမှ မေရီလန်းပြည်နယ်သက်သေခံကတ်ပြားကို ရယူပါ။ http://www.mva.maryland.gov/Driver-Services/apply/id-card.htm<br>• သွားလာမှုလေ့ကျင့်ရေးကို စဉ်းစားသုံးသပ်ပါ။ သင့်လူမှုအဖွဲ့အစည်းတွင် သွားလာရန် အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်ကို အသုံးပြုပါ။ https://www.mobilityequity.org/travel-training<br>• ရွေ့လျားသွားလာမှု/ပါရာထရန်စစ်ဝန်ဆောင်မှုများ (ချို့ယွင်းမှုရှိသူများအတွက် ဆောင်ရွက်ထားသော ဖြတ်သန်းသယ်ယူပို့ဆောင်ရေးယာဉ်) အတွက် ရွေ့လျားသွားလာမှုလျှောက်လွှာကို တင်သွင်းပါ။http://mta.maryland.gov/mobility<br>• ယာဉ်မောင်းသူလိုင်စင်ကို ရယူရန် စဉ်းစားပါ။ http://www.mva.maryland.gov/drivers/apply/apply.htm http://dors.maryland.gov/consumers/WTC/Documents/Driving.pdf<br>• လူမှုကွန်ရက်များကို ဖန်တီးပါ။ အထက်တန်းကျောင်းမှ ထွက်ပြီးနောက် ဆက်လက်လုပ်ဆောင်သည့် ဖျော်ဖြေရေးနှင့် လူမှုရေးအခမ်းအနားပွဲများအတွက် သူငယ်ချင်းများနှင့် ဆက်သွယ်မှုများပြုလုပ်ပါ။ |
| **အသက် ၁၇/၁၈ နှစ်** | • ပံ့ပိုးကူညီရေးကွန်ရက်ကို ဖန်တီးပါ။ အကူအညီယူရန် လူစာရင်းကို ပြုစုမှတ်သားပါ။<br>• ကျန်းမာရေးစောင့်ရှောက်မှုချိတ်ဆက်မှုများကို ဖန်တီးပါ။ ကလေးကုသရေးမှ အရွယ်ရောက်သူကျန်းမာရေးစောင့်ရှောက်မှုစနစ်အထိ ပြောင်းလဲရန် အစီအစဉ်ကို ရေးဆွဲပါ။<br>• အနာဂတ်လိုအပ်ချက်များရေးဆွဲခြင်းအကြောင်းနှင့်ပတ်သက်၍ ရှေ့နေနှင့် တိုင်ပင်ဆွေးနွေးရန် စဉ်းစားပါ။<br>• ဥပဒေနှင့် ငွေရေးကြေးရေးတွင် သူတစ်ပါးအတွက် ဆောင်ရွက်ပိုင်ခွင့်ရှိသူ သို့မဟုတ် အုပ်ထိန်းသူအတွက် လိုအပ်ချက်ကို စစ်ဆေးပါ။ အကြံပြုထားသောလက်စွဲစာအုပ်- အုပ်ထိန်းမှုနှင့် ၎င်း၏ ရွေးချယ်စရာများ https://aging.mary-land.gov/Pages/default.aspx |

| **အသက်/အချိန်သတ်မှတ်ချက်** | ***အသက် ၂၁ နှစ်တွင် ကျောင်းပညာရေးစနစ်မှ ထွက်ပြီး DDA ဝန်ဆောင်မှုများရရှိနိုင်သော ကျောင်းသား/သူများအတွက် ကူးပြောင်းရေးအချိန်သတ်မှတ်ချက်*** |
|---|---|
| | • ရရှိနိုင်မှုအခြေအနေနှင့် ဦးစားပေးအမျိုးအစားကို အတည်ပြုရန် DDA ဒေသဆိုင်ရာရုံးသို့ ဆက်သွယ်ပါ။.<br>• DDA ဒေသဆိုင်ရာရုံးများအတွက် ဆက်သွယ်ရန်အချက်အလက်ကို https://dda.health.maryland.gov/Pages/coordination%20of%20community%20services.aspx တွင်တွေ့ရှိနိုင်သည်။<br>• လူမှုအဖွဲ့အစည်းဝန်ဆောင်မှုများပူးပေါင်းဆောင်ရွက်ပေးသူများကို စူးစမ်းရှာဖွေ၍ ရွေးချယ်ပါ။ သင့်ဒေသရှိ လက်ရှိလူမှုအဖွဲ့အစည်းဝန်ဆောင်မှုများပူးပေါင်းဆောင်ရွက်ပေးသူများကို ရှာဖွေရန် https://dda.health.maryland.gov/Pages/coordination%20of%20community%20services.aspxသို့ဝင်ရောက်ကြည့်ရှုပါ။<br>• ကျောင်းပညာရေးစနစ်မှ ထွက်ခြင်းနှင့်ပတ်သက်၍ အထောက်အကူပြုနည်းပညာ (သက်ဆိုင်မှုရှိပါက)ရွေးချယ်မှုများကို စူးစမ်းရှာဖွေပါ။ |
| **အသက် ၁၈ နှစ်** | • သင့်ကျောင်းနယ်ပယ်မှတစ်ဆင့် ပံ့ပိုးကူညီပေးထားသောအလုပ်အကိုင်နှင့် အလုပ်အခြေခံသည့်လေ့လာသင်ကြားရေးအခွင့်အလမ်းများကို စူးစမ်းရှာဖွေပါ။<br>• လူမှုအဖွဲ့အစည်းပွဲများနှင့် အလုပ်ရှုံဆွေးနွေးပွဲများသို့ တက်ရောက်ပါ။ အပိုအာမခံဝင်ငွေ(SSI)ကို လျှောက်ထားပါ။ http://ssa.gov<br>• ဆေးဘက်ဆိုင်ရာအကူအညီကို လျှောက်ထားပါ။ https://mmcp.health.maryland.gov/Pages/Am%20I%20Eligible.aspx<br>• အကျိုးခံစားခွင့်များတိုင်ပင်ဆွေးနွေးခြင်းနှင့် စီမံဆောင်ရွက်ခြင်းကို စဉ်းစားပါ။ mdtransitions.org/benefits-counselors/, mdbenefitscounseling.org/<br>• ဘဏ္ဍာရေးနှင့် အနာဂတ်စီမံကိန်းကို စတင်လုပ်ဆောင်ပါ။<br>• အပြီးအစီးမလုပ်ဆောင်ရသေးပါက လူမှုအဖွဲ့အစည်းဝန်ဆောင်မှုများပူးပေါင်းဆောင်ရွက်မှု (CCS)ပေးသူကို ရွေးချယ်ပါ။<br>• အနာဂတ်အတွက် အစီအစဉ်ကို တိုးမြှင့်ဆောင်ရွက်ရန် သင်၏ လူမှုအဖွဲ့အစည်းဝန်ဆောင်မှုများပူးပေါင်းဆောင်ရွက်ပေးသူ(CCS)နှင့် တွေ့ဆုံပါ။<br>• အမျိုးသားဖြစ်ပါက) ရွေးချယ်ရေးဝန်ဆောင်မှုအတွက် စာရင်းသွင်းပါ။ http://www.sss.gov<br>• မဲပေးရန် စာရင်းသွင်းပါ။<br>• နေထိုင်မှုစီစဉ်ဆောင်ရွက်ရေးရွေးချယ်စရာများကို စူးစမ်းရှာဖွေပါ။ (သီးသန့်၊ အခန်းဖော်၊ အုပ်စုလိုက်နေခြင်း အစရှိသဖြင့်)<br>• သင့်လူမှုအဖွဲ့အစည်းတွင် ထောက်ပံ့ပေးသောနေရာထိုင်ခင်းကို စူးစမ်းရှာဖွေပါ။ https://www.hud.gov/states/maryland/renting/hawebsites |
| **အသက် ၁၉-၂၀ နှစ် (ကျောင်းမထွက်ခင် အသက်)** | • မဆုံးဖြတ်ရသေးပါက ရရှိနိုင်မှုအခြေအနေအတွက် ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းမှုရှိသူများစီမံခန့်ခွဲရေး (DDA) သို့ ဆက်သွယ်ပါ။<br>• ကျောင်းထွက်သည့်နှစ်မတိုင်မီ ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ (DORS)တွင် လျှောက်ထားပါ။ https://dors.maryland.gov/Pages/default.aspx<br>• ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ (DORS) မှတစ်ဆင့် အလုပ်အကိုင်အကဲဖြတ် တွက်ချက်မှုကို စဉ်းစားပါ။<br>• လူမှုအဖွဲ့အစည်းအရွယ်ရောက်သူဝန်ဆောင်မှုပေးသူများအား စတင်ဝင်ရောက်ကြည့်ရှုပါ။ https://dda.health.maryland.gov/Pages/Self-Determination.aspx<br>• ကိုယ်တိုင်စီမံညွှန်ကြားရေးဝန်ဆောင်မှုများအကြောင်း လေ့လာရန် စိတ်ဝင်စားပါက ကိုယ်တိုင်စီမံညွှန်ကြားသောဝန်ဆောင်မှုများကို ဝင်ရောက်ကြည့်ရှုပါ။ https://dda.health.maryland.gov/Pages/sdforms.aspx<br>• ကိုယ်တိုင်စီမံညွှန်ကြားသောဝန်ဆောင်မှုများကို ရွေးချယ်ပါက ကူညီပေးသည့်အကျိုးဆောင်နှင့် အခွန်စီမံခန့်ခွဲရေးဝန်ဆောင်မှုကို ရွေးချယ်ပါ။<br>• တတိယအဆင့်ပညာရေးနှင့် လေ့ကျင့်ရေးရွေးချယ်စရာများကို စူးစမ်းရှာဖွေပါ။<br>• လိုအပ်ပါက အရွယ်ရောက်သူစိတ်ပိုင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုကို စူးစမ်းလေ့လာပါ။ |
| **အသက် ၂၀-၂၁ နှစ်** | • သင့်လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးသည့် ဝန်ဆောင်မှုပေးသူများကို အသုံးပြုပါ။<br>• အရွယ်ရောက်သူဝန်ဆောင်မှုပေးသူရွေးချယ်မှုကို အဆုံးသတ်ပါ။<br>• IEP အစည်းအဝေးမှ ထွက်ရန် အရွယ်ရောက်သူဝန်ဆောင်မှုပေးသူအား ဖိတ်ကြားပါ။ |

| **အသက်/အချိန်သတ်မှတ်ချက်** | ***အသက် ၂၁ နှစ်တွင် ကျောင်းပညာရေးစနစ်မှ ထွက်ပြီး DDA ဝန်ဆောင်မှုများရရှိနိုင်သော ကျောင်းသား/သူများအတွက် ကူးပြောင်းရေးအချိန်သတ်မှတ်ချက်*** |
| --- | --- |
| **(နောက်ဆုံးနှစ်၏ အောက်တိုဘာ/နိုဝင်ဘာလ)** | • ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းသူများစီမံခန့်ခွဲရေး (DDA) သို့ တင်သွင်းရန် ဝန်ဆောင်မှုထောက်ပံ့ရေးအစီအစဉ်ကို လုပ်ဆောင်ရန်အတွက် သင်၏ ရင်းမြစ်ဝန်ဆောင်မှု များပူးပေါင်းဆောင်ရွက်သူနှင့် အရွယ်ရောက်သူဝန်ဆောင်မှုပေးသူနှင့်အတူ ပူးပေါင်းဆောင်ရွက်ပါ။<br>• ကိုယ်တိုင်စီမံညွှန်ကြားသောဝန်ဆောင်မှုများကို ရွေးချယ်ပါက ကူညီပေးသည့် သင်၏အကျိုးဆောင်နှင့်အတူ ကိုယ်တိုင်စီမံညွှန်ကြားထားသောအစီအစဉ်ကို စတင်ရေးသားပါ။<br>• ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းမှုရှိသူများစီမံခန့်ခွဲရေး (DDA) မှ ထောက်ပံ့မှုကို ချက်ချင်းမရနိုင်ပါက အရေးပေါ်အစီအစဉ်ကို ဆောင်ရွက်ပါ။<br>• သယ်ယူပို့ဆောင်ရေးရွေးချယ်စရာများကို စူးစမ်းရှာဖွေပါ (ဆိုလိုသည်မှာ အလုပ်နှင့် လူမှုအဖွဲ့အစည်းဝန်းကျင်တွင် မည်သို့ရောက်ရှိပုံ အစရှိသဖြင့်) |
| **အသက် ၂၀/၂၁ နှစ် (နောက်ဆုံးနှစ်၏ နွေဦးရာသီ)** | • ကျောင်းပညာစနစ်မှ အရွယ်ရောက်သူဝန်ဆောင်မှုပေးရေးစနစ်သို့ ချောမွေ့စွာကူးပြောင်းရေးကို ဖန်တီးရန် ကျောင်းကူးပြောင်းပေးရေးအမှုထမ်းနှင့် အရွယ်ရောက်သူဝန်ဆောင်မှုပေးသူနှင့် လူမှုအဖွဲ့အစည်းရင်းမြစ်များပူးပေါင်းဆောင်ရွက်သူနှင့်အတူ ပူးပေါင်းလုပ်ဆောင်ပါ။ |

## *အသက် ၁၈ နှစ်တွင် ဘွဲ့ရသောကျောင်းသား/သူများအတွက် ကူးပြောင်းရေးအချိန်သတ်မှတ်ချက်*

| **အသက်အရွယ်/ အချိန်သတ်မှတ်ချက်** | **အသက် ၁၈ နှစ်တွင် ဘွဲ့ယူသောကျောင်းသား/သူများအတွက် ကူးပြောင်းရေးအချိန်သတ်မှတ်ချက်** |
| --- | --- |
| **အသက် ၁၃/၁၄ နှစ် (အလယ်တန်းကျောင်းနောက်ဆုံးနှစ်)** | • စွမ်းဆောင်ရည်များ၊ အားသာချက်များနှင့် စိန်ခေါ်မှုများကို စတင်ခွဲခြားသတ်မှတ်ပါ။<br>• ချို့ယွင်းမှုအကြောင်းနှင့် ၎င်းမှ လေ့လာသင်ကြားရေးနှင့် အခြားဘဝလုပ်ဆောင်ချက်များအား သက်ရောက်ပုံအကြောင်း လေ့လာသင်ယူပါ။ https://www.youthhood.org/hangout/km_disability.asp<br>• ကိုယ်တိုင်အားပေးထောက်ခံမှုဆိုင်ရာ ကျွမ်းကျင်မှုများကို လေ့ကျင့်ပါ။ အစည်းအဝေးများတွက် တက်ရောက်ပါဝင်ပါ။www.marylandlearninglinks.org<br>• နှစ်စဉ်ကူးပြောင်းရေးအကဲဖြတ်တွက်ချက်မှုများ (ဆိုလိုသည်မှာ အလုပ်အကိုင်အကျိုးအမြတ် စစ်တမ်းများ၊ ကျောင်းသား/သူအင်တာဗျူး) တွင် စတင်ပါဝင်ပါ။ https://transitionta.org/toolkitassessment<br>• အလုပ်အကိုင်အကျိုးအမြတ်များနှင့် တတိယအဆင့်ရည်မှန်းချက်များကို စတင်ခွဲခြားသတ်မှတ်ပါ။<br>• ကူးပြောင်းရေးအကူအညီကို ကျောင်းနယ်ပယ်တွင် မည်သို့ပေးထားပုံကို လေ့လာပါ။ ကူးပြောင်းပေးရေးအမှုထမ်းကို ခွဲခြားသတ်မှတ်ပါ။<br>• နှစ်စဉ် IEP အစည်းအဝေးတွင် ကနဦးကူးပြောင်းရေးအစီအစဉ်ကို ဆောင်ရွက်ပါ။ ကျောင်းသား/သူအသက် ၁၄ နှစ်ပြည့်ချိန် IEP နှစ်တွင် ကူးပြောင်းရေးအစီအစဉ်ကို ဆောင်ရွက်ပြီး နှစ်စဉ်ပြင်ဆင်ပါ။ http://www.mdtransitions.org/<br>• ဒီပလိုမာရရှိရန် ၅ နှစ်တာအစီအစဉ်ကို စဉ်းစားပါ။<br>• သက်ဆိုင်မှုရှိပါက ဖွံ့ဖြိုးမှုပိုင်းချို့ယွင်းမှုရှိသူများစီမံခန့်ခွဲရေး (DDA) ကို လျှောက်ထားပါ။ https://dda.health.maryland.gov/pages/Home.aspx<br>• အထက်တန်းကျောင်းတွင် စာရင်းသွင်းပါက ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ (DORS) မှတစ်ဆင့် ကြိုတင်အလုပ်အကိုင်ကူးပြောင်းရေးဝန်ဆောင်မှုများ (Pre-ETS)ကို စုံစမ်းစစ်ဆေးပါ။<br>• DDAနှင့် DORS နှင့်အတူ ပညာရေးအချက်အလက်ကို ဝေမျှရန် ကျောင်းအတွက် ခွင့်ပြုချက်ပေးပါ။<br>• ကူးပြောင်းရေးစီမံကိန်းပင်မဖိုင်ကို ဖန်တီးတည်ဆောက်ပါ။ |

| အသက် အရွယ်/ အချိန်သတ်မှတ်ချက် | အသက် ၁၈ နှစ်တွင် ဘွဲ့ယူသောကျောင်းသား/သူများအတွက် ကူးပြောင်းရေးအချိန်သတ်မှတ်ချက် |
|---|---|
| **Freshman Year (Grade 9)** | • အထက်တန်းကျောင်းပညာသင်တန်း (ပိုမိုပြည့်စုံသောပရိုဂရမ်) ကို ရွေးချယ်ရန် လမ်းညွှန်မှုဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံပါ။ http://marylandpublicschools.org/programs/Documents/CTE/CTE%20Programs%20of%20Study/CTEBlue-Book2017.pdf<br>• လိုအပ်သောစာသင်ခန်းနေရာများနှင့် အကျွမ်းတဝင်ရှိပါ။<br>• လူမှုနှင့် ပံ့ပိုးကူညီမှုကွန်ရက်များကို ဖန်တီးတည်ဆောက်ပါ။<br>• လမ်းညွှန်မှုဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဘွဲ့ရရှိမှုလိုအပ်ချက်များကို ဆန်းစစ်ပါ။ |
| **ကောလိပ်ဒုတိယနှစ်ကျောင်းသူ (၁၀ တန်း)** | • အလုပ်အကိုင်အကျိုးအမြတ်များကို ရှာဖွေပါ။ လုပ်ငန်းများအား ဝင်ရောက်ကြည့်ရှုပါ။ အလုပ်အကိုင်နောက်ယောက်ခံလိုက်ခြင်းကို စီစဉ်ဆောင်ရွက်ပါ။<br>• မော်တော်ယာဉ်ကြီးကြပ်စစ်ဆေးရေးမှ မေရီလန်းပြည်နယ်သက်သေခံကတ်ပြားကို ရယူပါ။ http://www.mva.maryland.gov/drivers/apply/id-card.htm<br>• ကောလိပ်ဘုတ်အဖွဲ့လိုက်လျောညီထွေညှိနိုင်းမှုများကို လျှောက်ထားရန် အသင်းအဖွဲ့နှင့် တွေ့ဆုံပါ။. https://www.collegeboard.org/students-with-disabilities/request-accommodations<br>• PSAT ကိုဖြေဆိုပါ။<br>• လမ်းညွှန်မှုဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဘွဲ့ရရှိမှုလိုအပ်ချက်များကို ဆန်းစစ်ပါ။<br>• သယ်ယူပို့ဆောင်ရေးရွေးချယ်စရာများကို စူးစမ်းရှာဖွေပါ။ သင့်လူမှုအဖွဲ့အစည်းတွင် သွားလာရန် အများပြည်သူသယ်ယူပို့ဆောင်ရေးယာဉ်ကို အသုံးပြုပါ။<br>• ရွေ့လျားသွားလာမှု/ပါရာထရန်စစ်ဝန်ဆောင်မှုများ (ချို့ယွင်းမှုရှိသူများအတွက် ဆောင်ရွက်ထားသော ဖြတ်သန်းသယ်ယူပို့ဆောင်ရေးယာဉ်) အတွက် ရွေ့လျားသွားလာမှုလျှောက်လွှာကို တင်သွင်းပါ။http://mta.maryland.gov/mobility<br>• ယာဉ်မောင်းသူလိုင်စင်ကို ရရှိရန် စဉ်းစားပါ။ http://www.mva.maryland.gov/drivers/apply/apply.htm http://dors.maryland.gov/consumers/WTC/Documents/Driving.pdf |
| **ဂျူနီယာနှစ် (၁၁ တန်း)** | • အလုပ်အကိုင်ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများအတွက် ကျောင်းမထွက်ခင်နှစ် ဆောင်းဦးရာသီ၌ ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ(DORS) တွင် လျှောက်ပါ။http://dors.maryland.gov/Pages/default.aspx<br>• ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲမှတစ်ဆင့် အလုပ်အကိုင်အကဲဖြတ်တွက်ချက်မှု ကို စဉ်းစားပါ။<br>• ကောလိပ်ဘုတ်အဖွဲ့လိုက်လျောညီထွေညှိနိုင်းမှုများကို လျှောက်ထားရန် ကျောင်းအသင်းအဖွဲ့နှင့် တွေ့ဆုံပါ။ https://www.collegeboard.org/students-with-disabilities/request-accommodations<br>• PSAT ကိုဖြေဆိုပါ။<br>• ယာဉ်မောင်းသူလိုင်စင်ကို ရရှိရန် စဉ်းစားပါ။ http://www.mva.maryland.gov/drivers/apply/apply.htm http://dors.maryland.gov/consumers/WTC/Documents/Driving.pdf<br>• အချိန်ပိုင်း/နွေရာသီအလုပ်အကိုင်ကို စဉ်းစားပါ။<br>• ကောလိပ်များ၊ ကုန်သွယ်ရေးကျောင်းများ၊ လေ့ကျင့်ရေးပရိုဂရမ်များ၊ စစ်မှုထမ်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေပါ။ လမ်းညွှန်မှုဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်/သို့မဟုတ် ကူးပြောင်းပေးရေးအမှုထမ်းနှင့် တိုင်ပင်ဆွေးနွေးပါ။<br>• တတိယအဆင့်ရည်မှန်းချက်များကို မွမ်းမံပါ။<br>• ကောလိပ်များ၊ ကုန်သွယ်ရေးကျောင်းများနှင့်/သို့မဟုတ် တတိယအဆင့်လေ့ကျင့်ရေးပရိုဂရမ် များကို ဝင်ရောက်ကြည့်ရှုပါ။<br>• စစ်မှုထမ်းခြင်းရွေးချယ်စရာများကို စူးစမ်းရှာဖွေသည့်အခါ စစ်မှုထမ်းအလုပ်ရှာဖွေပေးသူနှင့် တွေ့ဆုံပြီး ASVAB ကိုဖြေဆိုပါ။ military.com/join-armed-forces/asvab<br>• ဘွဲ့ရယူမှုအပေါ်မူတည်၍ အလုပ်ခွင်သို့ ဝင်ရောက်ပါက အလုပ်အကိုင်အခွင့်အလမ်းများကို ရှာဖွေပါ။ မိသားစုနှင့် သူငယ်ချင်းများနှင့်အတူ ၎င်းတို့၏ ကုမ္ပဏီများတွင် ခေါ်ထားသောအလုပ်အကိုင်များအကြောင်း ချိတ်ဆက်ပြောဆိုပါ။<br>• လူမှုအဖွဲ့အစည်းကောလိပ်နှင့် ၄ နှစ်ကြာ တက္ကသိုလ်ပရိုဂရမ်များကြား ခြားနားချက်များကို စူးစမ်းရှာဖွေပါ။<br>• တတိယအဆင့်ပရိုဂရမ်များအတွက် အချိန်ပိုင်းနှင့် အချိန်ပြည့်စာရင်းပေးသွင်းမှုကို စဉ်းစားပါ။<br>• တတိယအဆင့်ပရိုဂရမ်များအတွက် ဗဟိုအစိုးရနှင့် ပြည်နယ်ဘဏ္ဍာရေးပံ့ပိုးကူညီမှုနှင့် ပညာသင်ဆုများကို စတင်ရှာဖွေပါ။<br>• အထက်တန်းကျောင်းမှ ကောလိပ်ကူးပြောင်းရေးပရိုဂရမ်များကို စူးစမ်းလေ့လာပါ/ ပါဝင်ပါ။<br>• လမ်းညွှန်မှုဆိုင်ရာ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ ဘွဲ့ရရှိမှုလိုအပ်ချက်များကို ဆန်းစစ်ပါ။ |

| အသက်<br>အရွယ်/ အချိန်သတ်<br>မှတ်ချက် | အသက် ၁၈ နှစ်တွင် ဘွဲ့ယူသောကျောင်းသား/သူများအတွက် ကူးပြောင်းရေးအချိန်သတ်မှတ်ချက် |
|---|---|
| **စီနီယာနှစ် (၁၂ တန်း)** | • SAT နှင့်/သို့မဟုတ် ACT ကိုဖြေဆိုရန် ပြင်ဆင်ပါ။<br>http://sat.collegeboard.org/home?affiliateId=nav&bannerId=g-cbh-sat<br>http://www.actstudent.org/<br>https://www.collegeboard.org/students-with-disabilities/request-accommodations<br>• လူမှုအဖွဲ့အစည်းကောလိပ်တွင် စာရင်းပေးသွင်းလိုပါက Accuplace ကိုဖြေဆိုရန် ပြင်ဆင်ပါ။ ကုစား (“ကောလိပ်အတွက် အဆင်သင့်” မဖြစ်သော) ကျောင်းသား/သူအဖြစ် စာရင်းပြုစုပါက အကြိုကောလိပ်ညွှန်ကြားချက်အတွက် ပညာရေးဝန်ဆောင်မှုများကို အသုံးပြုပါ။ http://accuplacer.collegeboard.org/students<br>• ကောလိပ်များ သို့မဟုတ် တတိယအဆင့်ပရိုဂရမ်များကို လျှောက်ပါ သို့မဟုတ် စစ်ထဲဝင်ရန် စာရင်းပေးပါ။<br>• တတိယအဆင့်ကျောင်းများတွင် လျှောက်ထားလိုပါက ချို့ယွင်းမှုရှိသူများကူညီပံ့ပိုးရေးစင်တာသို့ ဆက်သွယ်ပါ။<br>• အလုပ်ခွင်ဝင်လိုပါက လျှောက်လွှာများကို စတင်တင်သွင်းပါ။<br>• ပညာသင်ဆုများနှင့် တရားဝင်ခွင့်ပြုချက်များကို လျှောက်ပါ။<br>• တတိယအဆင့်ပရိုဂရမ်များ သို့မဟုတ် အလုပ်အကိုင်အခွင့်အလမ်းများအတွက် ထောက်ပံ့ခြင်းကို ဆွေးနွေးရန် DORS အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တွေ့ဆုံပါ။<br>• ရရှိနိုင်ပါက အသက် ၁၈ နှစ်တွင် အပိုအာမခံဝင်ငွေကို လျှောက်ပါ။ http://ssa.gov<br>• SSI နှင့် SSDI ကို လက်ခံရရှိသူတစ်ဦးချင်းစီတို့သည် လူမှုအဖွဲ့အစည်းကောလိပ်ကျူရှင်သက်ညှာခွင့်ကို လျှောက်ထားနိုင်သည်။ https://mhec.maryland.gov/preparing/Pages/FinancialAid/ProgramDescriptions/prog_disabilities.aspx<br>• ဖယ်ဒရယ်အစိုးရနှင့် ပြည်နယ်ဘဏ္ဍာရေးအကူအညီကို ဇန်နဝါရီ ၁ ရက်နေ့နှင့် မတ်လ ၁ ရက်နေ့ကြား လျှောက်ပါ။ https://fafsa.ed.gov/<br>• လိုအပ်ပါက အရွယ်ရောက်သူစိတ်ပိုင်းဆိုင်ရာကျန်းမာရေးစောင့်ရှောက်မှုကို စူးစမ်းလေ့လာပါ။<br>• ကျောင်းပညာရေးစနစ်မှ ထွက်ခြင်းနှင့်ပတ်သက်၍ (သက်ဆိုင်မှုရှိပါက) အထောက်အကူပြုနည်းပညာရွေးချယ်မှုများကို စူးစမ်းလေ့လာပါ။<br>• ရရှိနိုင်ပါက ဆေးဘက်ဆိုင်ရာအကူအညီကို လျှောက်ပါ။ https://mmcp.health.maryland.gov/Pages/Am%20I%20Eligible.aspx<br>• အသက် ၁၈ နှစ်တွင် (အမျိုးသားဖြစ်ပါက) ရွေးချယ်ရေးဝန်ဆောင်မှုကို စာရင်းသွင်းပါ။ http://www.sss.gov<br>• အသက် ၁၈ နှစ်တွင် မဲပေးရန် စာရင်းသွင်းပါ။<br>• ကလေးကျန်းမာရေးစောင့်ရှောက်မှုမှ အရွယ်ရောက်သူကျန်းမာရေးစောင့်ရှောက်မှုစနစ်အထိ ပြောင်းလဲပါ။<br>• ကောလိပ်တွင် လက်ခံမှုအပေါ်မူတည်၍ ချို့ယွင်းမှုရှိသူကူညီပံ့ပိုးရေးဝန်ဆောင်မှုများကို အသုံးပြုပါ။ |

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

# နောက်ဆက်တွဲ B

## *တတိယအဆင့်ပညာရေးလိုက်လျောညီထွေညှိနိုင်းမှုများဆိုင်ရာ အမေးများသောမေးခွန်းများ (FAQ)*

2004 ခုနှစ်ချို့ယွင်းမှုရှိသူများတစ်ဦးချင်းအက်ဥပဒေ (IDEA) သည် ချို့ယွင်းမှုများရှိသောကျောင်းသား/သူတွင် IEP ရှိရန် လိုအပ်သည်။ သို့ရာတွင် IDEA သည် ကောလိပ်များ၊ ကုန်သွယ်မှုကျောင်းများသို့မဟုတ် တက္ကသိုလ်များနှင့် မသက်ဆိုင်ပါ။ ချို့ယွင်းမှုများရှိသောအမေရိကန်လူမျိုးများအက်ဥပဒေ (ADA) နှင့် အလုပ်အကိုင်ပြန်လည် ထူထောင်ရေးအက်ဥပဒေ၏ ပုဒ်မ 504 ပါဝင်သည့် အခြားဖက်ဒရယ်ဥပဒေဖြင့် အဆိုပါကျောင်းများကို လွှမ်းမိုးချုပ်ကိုင်သည်။

❖ **တတိယအဆင့်ကျောင်းများတွင် လိုက်လျောညီထွေညှိနိုင်းမှုများကို ရရှိနိုင်ခြင်း**

**တစ်ဦးချင်းပညာရေးပရိုဂရမ် (IEP) ဆက်လက်ရရှိနိုင်ပါသလား။**

မရရှိနိုင်ပါ။ ကောလိပ်နေရာတွင် IEP မရှိပါ။ ကောလိပ်များ၊ ကုန်သွယ်ရေးကျောင်းများနှင့် တက္ကသိုလ်များ၏တာဝန်များမှာ အထက်တန်းကျောင်းများ၏ တာဝန်များနှင့် ကွဲပြားခြားနားသည်။ အခြားသိသာထင်ရှားသောကွဲပြားခြားနားမှုမှာ တတိယအဆင့်ကျောင်းများသည် လူငယ်အရွယ်ရောက်သူနှင့်သာ အလုပ်လုပ်မည်ဖြစ်ပြီး မိဘများနှင့် အလုပ်လုပ်မည်မဟုတ်ခြင်းဖြစ်သည်။ လူငယ်အရွယ်ရောက်သူများသည် ကောလိပ်ကျောင်းသား/သူကဲ့သို့ ပိုမိုကြီးမားသောတာဝန်ရှိမည်။ အဆိုပါဥပဒေများသည် ဝန်ဆောင်မှုများကို တောင်းဆိုရန်နှင့် ချို့ယွင်းမှုရှိသူ၏ သက်ဆိုင်ရာသက်သေခံစာရွက်စာတမ်းကို ပေးရန် လူငယ်အရွယ်ရောက်သူ၏ တာဝန်ကို လုပ်ဆောင်ပေးသည်။ လူငယ်အရွယ်ရောက်သူသည် လုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ရမည်ဖြစ်ပြီး သက်ဆိုင်ရာလိုက်လျောညီထွေညှိနိုင်းမှုများကို တောင်းဆိုရာတွင် တက်ကြွစွာပါဝင်ရမည်။

**ကျွန်ုပ်သည် အထက်တန်းကျောင်းတွင် ရရှိခဲ့သည့် တူညီသောလိုက်လျောညီထွေညှိနိုင်းမှုများကို ရနိုင်ပါသလား။**

မလိုအပ်ပါ။ IEP သည် တတိယအဆင့်ကျောင်းအထိ မဆိုင်းထားပါ။ အချက်အလက်ကို စုစည်းပြီး သက်သေခံစာရွက်စာတမ်းကို လက်ခံရရှိပြီးနောက် တတိယအဆင့်ပညာရေးသည် ကျောင်းသား/သူမှ မည်သည့်လိုက်လျောညီထွေညှိနိုင်းမှုများကို သတ်မှတ်ပေးမည်။

❖ **တတိယအဆင့်ကျောင်းများတွင် ချို့ယွင်းမှုရှိသူဝန်ဆောင်မှုများအသုံးပြုခွင့်ရှိခြင်း**

**ဝန်ဆောင်မှုများအတွက် မည်သည့်နေရာကို သွားရပါမလဲ။**

တတိယအဆင့်ကျောင်းတိုင်းတွင် ချို့ယွင်းမှုများရှိသောကျောင်းသား/သူများကို ကူညီပေးသည့်သူတစ်ဦးစီရှိသည်။ အဆိုပါတစ်ဦးစီတို့သည် ချို့ယွင်းမှုရှိသူကူညီပံ့ပိုးရေးဝန်ဆောင်မှုရုံး (DSS) တွင်ရှိသည်။ ပညာရေးဆိုင်ရာ လိုက်လျောညီထွေညှိနိုင်းမှုများနှင့်/သို့မဟုတ် အခြားဝန်ဆောင်မှုများကို ရရှိရန် လူငယ်အရွယ်ရောက်သူသည် ပထမဆုံးအနေဖြင့် DSS ရုံးသို့ မိမိကိုယ်ကို မည်သူမည်ဝါဖြစ်ကြောင်းဖော်ပြရမည်။ လိုအပ်သောကူညီပံ့ပိုးမှုများနှင့်ပတ်သက်၍ တတိယအဆင့်ကျောင်းသို့ ပြောဆိုရန် လူငယ်အရွယ်ရောက်သူ၏ တာဝန်ဖြစ်သည်။

**ဝန်ဆောင်မှုများကို မည်သည့်အချိန်တွင် တောင်းဆိုသင့်ပါသလဲ။**

လူငယ်အရွယ်ရောက်သူတို့သည် တတိယအဆင့်ကျောင်းများမှ လိုက်လျောညီထွေညှိနိုင်းမှုများကို အချိန်မရွေးတောင်းဆိုနိုင်သော်လည်း သူ/သူမသည် နှစ်ဝက်စာမေးပွဲမဖြေမီ တစ်လထက်နောက်မကျဘဲ DSS ရုံးနှင့် ချက်ချင်းချိန်းဆိုနိုင်သည်။ ဝန်ဆောင်မှုများနှင့် လိုက်လျောညီထွေညှိနိုင်းမှုများအား စီစဉ်ခြင်းသည် အချိန်ယူရသည်။ အချို့ပညာရေးဆိုင်ရာ ညှိနိုင်းမှုများသည် အခြားအရာများထက် အချိန်ပိုယူရနိုင်သည်။ လိုက်လျောညီထွေညှိနိုင်းမှုများကို လုံးဝနောက်ကြောင်းပြန်မလုပ်ပါ။ ပညာရေးအခက်အခဲများရှိလာသည့် ချိန်အထိ လုံးဝမစောင့်ပါနှင့်။

**မည်သည့်သက်သေခံစာရွက်စာတမ်းကို ပေးရန် လိုအပ်ပါသလဲ။**

ကျောင်းများသည် သက်သေခံစာရွက်စာတမ်းအတွက် သက်ဆိုင်ရာစံချိန်စံညွှန်းများကို သတ်မှတ်ထားသည်။ အချို့ကျောင်းများသည် အခြားကျောင်းများထက် သက်သေခံစာရွက်စာတမ်းကို ပိုမိုလိုအပ်နိုင်သော်လည်း ကျောင်းအားလုံးသည် သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များမှ ပြင်ဆင်ပေးသောသက်သေခံစာရွက်စာတမ်းကို ပေးရန် လူငယ်အရွယ်ရောက်သူများကို လိုအပ်သည်။ လူငယ်အရွက်ရောက်သူများသည် လိုအပ်သော သက်သေခံစာရွက်စာတမ်းများကို ရရှိခြင်းနှင့် သက်ဆိုင်သော **မည်သည့်ပေးဆောင်ခများအတွက် ပေးဆောင်ရန် တာဝန်ယူ**ရမည်။ လိုအပ်သောသက်သေခံစာရွက်စာတမ်းများတွင် ပါဝင်သည်မှာ -

- ချို့ယွင်းမှုရှိသူအား ခွဲခြားသတ်မှတ်ပေးသည့် ရောဂါစစ်ဆေးမှုဖော်ပြချက်။
- အသုံးချရောဂါစစ်ဆေးမှုနည်းပညာရပ်ဆိုင်ရာ သိပ်ပညာဖော်ပြချက်၊ ပညာရေးနှင့် ဒေသတွင်းနေရာများနှစ်ခုလုံး၊ ချို့ယွင်းမှုရှိသူအား မျှော်မှန်းထားသောတိုးတက်မှု သို့မဟုတ် တည်ငြိမ်မှုနှင့် လက်ရှိနှင့် ယခင်လိုက်လျောညီထွေညှိနိုင်းမှုများ၊ ဝန်ဆောင်မှုများနှင့်/သို့မဟုတ် ဆေးဝါးများနှင့် သက်ဆိုင်သော လက်ရှိ လက်တွေ့လုပ်ဆောင်မှုကန့်သတ်ချက်များ
- လိုက်လျောညီထွေညှိနိုင်းမှုများ၊ လိုက်လျောညီထွေပြောင်းလဲပြင်ဆင်သည့်အရာများ၊ အကူအညီဖြစ်သော ဝန်ဆောင်မှုများ၊ ကုန်ကျမှုနည်းဗျူဟာများနှင့်/သို့မဟုတ် အာမခံပံ့ပိုးကူညီမှုဝန်ဆောင်မှုများအတွက် အကြံပြုချက်များ။

**တတိယအဆင့်ကျောင်းများတွင် လိုက်လျောညီထွေညှိနိုင်းမှုများရှိခြင်း**

**မည်သည့်လိုက်လျောညီထွေညှိနိုင်းများကို ပေးထားပါသလဲ။**

လိုက်လျောညီထွေညှိနိုင်းမှုများသည် အရည်အချင်းပြည့်မီသော ချို့ယွင်းမှုများရှိသည့်လူငယ်များအား ညီတူညီမျှရယူခွင့်ကို အသေအချာရရှိစေရန် လိုအပ်သောပညာရေးပိုင်းဆိုင်ရာလိုအပ်ချက်များအား ပြုပြင်မွမ်းမံမှုများဖြစ်သည်။ သက်ဆိုင်ရာလိုက်လျောညီထွေညှိနိုင်းမှုများတွင် ပါဝင်သည်မှာ -

- စာမေးပွဲများကို အချိန်တိုးပေးခြင်း
- စာအုပ်များအား ပုံစံပြောင်းပေးခြင်း
- ကိုယ်အမူအရာဖြင့် ဘာသာစကားပြန်ဆိုသူများရှိခြင်း
- စာသားနှင့်ရုပ်ပုံတို့အား စခရင်ဖြင့် ဖတ်ရှုသူများ
- အသံသိမှတ်ခြင်း
- အခြားအထောက်အကူပြုနည်းပညာ

DSS ရုံးသည် သက်ဆိုင်ရာလိုက်လျောညီထွေညှိနိုင်းမှုများကို ထားရှိရန် လူငယ်များနှင့်အတူ လုပ်ဆောင်မည်။ ၎င်းသည် သင်တန်းတစ်ခုအတွင်း ကျောင်းသား၏ ဆောင်ရွက်ချက်နှင့်ပတ်သက်၍ အခြေခံကျသောတစ်လှည့်စီပြောင်းလဲမှုကို လုပ်ဆောင်ပါက လိုက်လျောညီထွေညှိနိုင်းမှုကို ပြုလုပ်မည်မဟုတ်ပါ။ ချို့ယွင်းမှုများရှိသောကျောင်းသားများ ဘွဲ့ရရှိရန်အတွက် လေ့လာသင်ယူမှုပရိုဂရမ်နှင့်ပတ်သက်၍ လိုအပ်ချက်များကို ဖြည့်စွက်ပေးရန် လိုအပ်သည်။

# နောက်ဆက်တွဲ C

## တိကျသောလူဦးရေများ

ချို့ယွင်းမှုရှိသောသူများသည် အလုပ်အကိုင်၊ တတိယအဆင့်ပညာရေးနှင့် လူမှုအဖွဲ့အစည်းကိစ္စများကို လုပ်ဆောင် သည့်အတွက် သတ်မှတ်ထားသောငင်းတို့၏ လူဦးရေများလိုအပ်နိုင်သည့် အခြားကူးပြောင်းရေးနှင့် သက်ဆိုင်သော ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများရှိသည်။ ၎င်းတို့အနည်းစုကို အောက်တွင် ဆွေးနွေးထားသည်။ တိကျသော လူဦးရေများ (ဥပမာ-အော်တစ်ဇင်၊ နားမကြားခြင်း/ကြားရခက်ခဲခြင်း၊ မျက်စိမမြင်ခြင်း/အမြင်အာရုံနည်း ပါးခြင်း) နှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက မေရီလန်းကူးပြောင်းရေးဝက်ဘ်ဆိုက် https://mdtransitions.org/ သို့ ဝင်ရောက်ကြည့်ရှုပါ။ မိသားစုသီးခြားပံ့ပိုးကူညီမှုများနှင့်ပတ်သက်၍ ပိုမိုသိရှိလိုပါက မေရီလန်းမိဘများ နေရာဝက်ဘ်ဆိုက် https://www.ppmd.org/ သို့မဟုတ် သင့်ဒေသခံကျောင်းပညာရေးစနစ်ရှိ မိဘရင်းမြစ်စင်တာသို့ သွားရောက်ပါ။

**အော်တစ်ဇင်**

အော်တစ်ဇင်ရောဂါ (ဖွံ့ဖြိုးမှုချို့ယွင်းသောရောဂါ) ကို တိကျသေချာသောအပြုအမူပိုင်းများဖြင့် သတ်မှတ်ပြီး လူတစ်ဦးတစ်ယောက်ချင်းစီတို့အား မတူကွဲပြားစွာ အဆင့်များအလိုက်ပြောင်းလဲသည့်အထိ ဖြစ်စေသည့် "အတွေးအမြင်အခြေအနေ"တစ်မျိုးဖြစ်သည်။ ယေဘုယျအားဖြင့် အဆိုပါဝိသေသလက္ခဏာရပ်များသည် အသက်သုံးနှစ်အရွယ်မတိုင်မီတွင် သိသာထင်ရှားပြီး ပညာရေးပိုင်းဆိုင်ရာလုပ်ဆောင်ချက်ကို ဆိုးဝါးစွာထိခိုက်စေသည်။ ပုံမှန်မဟုတ်သောကလေးများသည် အလွန်မြင့်မားစွာလုပ်ဆောင်နိုင်သည့်အခြေအနေ(အော်တစ်ဇင်ရောဂါမရှိသောကလေးများနှင့် ခွဲခြား၍မရနိုင်လုနီးပါး) မှ လုံးဝချို့ယွင်းနေသောအခြေအနေမျိုးအထိ ရှိသည်။ အော်တစ်ဇင်နှင့်ပတ်သက်သည့် အပြုအမူတချို့တွင် ဘာသာစကားလေ့လာသင်ကြားမှုနှောင့်နှေးခြင်း၊ မျက်လုံးအကြည့်ခက်ခဲခြင်း သို့မဟုတ် စကားအပြန်အလှန်ပြောဆိုရခက်ခဲခြင်း၊ စဉ်းစားတွေးခေါ် ခြင်းနှင့် စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်သော စီမံခန့်ခွဲမှုလုပ်ဆောင်ချက်မျိုး ဆောင်ရွက်ရန်ခက်ခဲခြင်း၊ အမြင်ကျဉ်းခြင်း၊ စိတ်ဝင်စားမှုများပြင်းထန်ခြင်း၊ ကြွက်သားလှုပ်ရှားဆောင်ရွက်မှုများအားနည်းခြင်းနှင့် အာရုံခံမှုများအားနည်းခြင်းတို့ ပါဝင်သည်။ တစ်ဖန်အားဖြင့် အတွေးအမြင်ပုံမှန်မဟုတ်သောသူတစ်ယောက်သည် အဆိုပါအပြုအမူများစွာ သို့မဟုတ် အနည်းငယ် သို့မဟုတ် အခြားအရာများစွာကို လုပ်ဆောင်နိုင်သည်။ အော်တစ်ဇင်ရောဂါ(ဖွံ့ဖြိုးမှုချို့ယွင်းသောရောဂါ)နှင့်ပတ်သက်၍ ရောဂါစစ်ဆေးမှုကို အပြုအမူအားလုံးနှင့် ၎င်းတို့၏ ပြင်းထန်ဆိုးဝါးမှုအပေါ်မူတည်၍ လုပ်ဆောင်နိုင်သည်။

ရရှိနိုင်သောရင်းမြစ်များနှင့်ပတ်သက်၍ ပိုမိုသိရှိလေ့လာလိုပါက http://www.pathfindersforautism.org/ သို့မဟုတ် https://www.autismspeaks.org/. သို့ဝင်ရောက်ကြည့်ရှုပါ။

နားမကြားခြင်း/ ကြားရခက်ခဲခြင်း

- နားမကြားခြင်း - ချို့ယွင်းမှုရှိသူများတစ်ဦးချင်းပညာရေးအက်ဥပဒေ (IDEA) မှ နားမကြားခြင်းအတွက် တရားဝင်အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ "အကြားအာရုံချို့ယွင်းမှုသည် ဘာသာဗေဒအချက်အလက်အား လုပ်ဆောင်ရာတွင် အသံချဲ့စက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ ကြားနာရာမှတစ်ဆင့် ကလေးအား ချို့ယွင်းစေသည်အထိ အလွန်ဆိုးဝါးသည်"ဟူ၍ဖြစ်သည်။ အကြားအာရုံပိုင်းအကူအညီသည် ကျောင်းသား/သူမှ စာသင်ခန်းထဲတွင် အောင်မြင်နိုင်သည်အထိ အသင့်အတင့်လိုက်လျောညီထွေဖြစ်မှုကို ပေးနိုင်မည်မဟုတ်ကြောင်း ဖော်ပြထားသောကြောင့် "အသံချဲ့စက်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ" စကားစုမှာ ထင်ရှားသည်။
- ကြားရခက်ခဲခြင်း - ကြားရခက်ခဲသည်ဟု သတ်မှတ်ထားသောကျောင်းသား/သူများသည် အနည်းငယ်မကြားရခြင်းမှ လုံးဝမကြားရခြင်းအထိ အကြားအာရုံဆုံးရှုံးခြင်းအဆင့်အချို့ရှိသည်။ ကြားရခက်ခဲသည့်သူများသည် အကြားအာရုံပိုင်းအကူအညီများ သို့မဟုတ် အခြားအကူအညီဖြစ်သောနားထောင်နိုင်သည့်ကိရိယာများအား အသုံးပြုခြင်းမှ အကျိုးရရှိနိုင်သည်။ ၎င်းတို့သည် မူလအားဖြင့် အခြားသူများနှင့် ဆက်သွယ်ပြောဆိုသည့်အင်္ဂလိပ်ဘာသာစကား ပြောဆိုခြင်းအပေါ် မူတည်သည်။

ရရှိနိုင်သောရင်းမြစ်များနှင့်ပတ်သက်၍ ပိုမိုသိရှိလေ့လာလိုပါက www.nationaldeafcenter.org သို့ ဝင်ရောက်ကြည့်ရှုပါ။

မျက်စိမမြင်ခြင်း/အမြင်အာရုံနည်းပါးခြင်း

- IDEA အရ အမြင်အာရုံချို့ယွင်းမှုသည် တိကျမှန်ကန်သောမျက်မှန်များဖြင့်တောင် ကလေး၏ ပညာရေးလုပ်ဆောင်ချက်ကို ဆိုးဝါးစွာသက်ရောက်ကြောင်း မျက်မြင်သက်သေဖြစ်သည်။ ဝေါဟာရတွင် အနည်းငယ်မြင်ခြင်းနှင့် မျက်စိမမြင်ခြင်းနှစ်ခုလုံးပါဝင်သည်။ အနည်းငယ်မြင်ခြင်းသည် အမြင်အာရုံနည်းခြင်း (တိကျပြတ်သားစွာမြင်ရသောမျက်မှန်များဖြင့်တောင် သာမန်စာဖတ်နိုင်သည့်အကွာအဝေးကို ဖတ်ရှု၍မရနိုင်ပါ)ကို ရည်ညွှန်းနိုင်သည်။ မျက်စိမမြင်ခြင်းသည် တရားဝင်မျက်စိမမြင်ခြင်း (ပိုမိုကောင်းမွန်သောမျက်စိဖြင့် အမြင် 20/200 အောက်)၊ ကန့်သတ်ထားသောမြင်ကွင်း သို့မဟုတ် လုံးဝမမြင်ခြင်း (အမြင်အာရုံမရှိ) ကို ရည်ညွှန်းနိုင်သည်။

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ 

- အမြင်အာရုံချို့ယွင်းမှုများရှိသောကျောင်းသား/သူများသည် လိုက်လျောညီထွေဖြစ်သောနည်းလမ်းများဖြင့် ပြုလုပ်သော်လည်း ၎င်းတို့၏ အမြင်အာရုံပိုင်းများဖြင့် တူညီသောဘာသာရပ်များနှင့် ပညာရပ်များကို လေ့လာရန်လိုအပ်သည်။ ၎င်းတို့သည် ထင်ရှားစွာအမြင်အာရုံနှင့်သက်ဆိုင်သော ကျယ်ပြန့်သောပညာရပ်များကိုလည်း လေ့လာသင်ယူရမည်။

ရရှိနိုင်သောရင်းမြစ်များနှင့်ပတ်သက်၍ ပိုမိုသိရှိလေ့လာလိုပါက ဝင်ရောက်ကြည့်ရှုရန် -

ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ
မျက်မမြင် သို့မဟုတ် အမြင်အာရုံပိုင်းဆိုးဝါးစွာချို့ယွင်းနေသောတစ်ဦးချင်းစီအတွက် ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများနှင့် ရင်းမြစ်များလမ်းညွှန်ချက်
http://dors.maryland.gov/Brochures/blind_guide.pdf

မေရီလန်းမျက်မမြင်ကျောင်း
3501 တေလာရိပ်သာ
ဘဲလ်တီမိုး၊ MD 21236
(401) 444-5000
https://www.marylandschoolfortheblind.org/

အမေရိကန်ဆွံ့အနားမကြား-မျက်မမြင်အသင်းအဖွဲ့
8630 Fenton လမ်း၊ အခန်း 121
Silver Spring၊ MD 20910-3803
(301) 495-4403
TDD/TTY တယ်လီဖုန်း- (304) 495-4402
အီးမေးလ်- AADB-Info@aadb.org
http://www.aadb.org/

မျက်မမြင်ဝေဒနာရှင်များအတွက် Columbia Lighthouse
8720 ဂျော်ဂျီယာရိပ်သာအခန်း 210
Silver Spring၊  MD 20910
301-589-0894
http://www.clb.org/

အမျိုးသားမျက်မမြင်အသင်းအဖွဲ့ချုပ်
200 East Wells လမ်း
Jernigan နေရာ
ဘဲလ်တီမိုး၊ MD 21230
(410)-659-9314
Fax: (410)-685-5653
https://nfb.org/

# နောက်ဆက်တွဲ D

## *ဝေါဟာရနှင့် အတိုကောက်စကားလုံးများအဓိပ္ပါယ်ဖွင့်ဆိုချက်*

ADA - ချို့ယွင်းမှုများရှိသောအမေရိကန်လူမျိုးများအက်ဥပဒေ - ချို့ယွင်းမှုများရှိသောသူများအတွက် နိုင်ငံသားအခွင့်အရေးအက်ဥပဒေ

ASD - အော်တစ်ဇင်ရောဂါ (ဖွံ့ဖြိုးမှုချို့ယွင်းသောရောဂါ)

ASVAB - စစ်မှုထမ်းပိုင်းဆိုင်ရာ စွမ်းရည်စစ်စာမေးပွဲ

AT - အထောက်အကူပြုနည်းပညာ--လူသားတို့အား ဆက်သွယ်ရန် သို့မဟုတ် အလုပ်ကိစ္စများအား အပြီးအစီးဆောင်ရွက်နိုင်စေရန် ကူညီပေးသော အနိမ့်ပိုင်း သို့မဟုတ် အမြင့်ပိုင်းနည်းပညာကိရိယာများ (ခလုတ်များ သို့မဟုတ် ကွန်ပျူတာဆော့ဖ်ဝဲလ်ကဲ့သို့)

BHA - အပြုအမူပိုင်းဆိုင်ရာကျန်းမာရေးစီမံခန့်ခွဲမှု

CCS - လူမှုအဖွဲ့အစည်းဝန်ဆောင်မှုများပူးပေါင်းဆောင်ရွက်ပေးသူ

CIL - သီးခြားနေထိုင်ရေးစင်တာများ

ချို့ယွင်းမှုများရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ အလုပ်လုပ်၍ နေထိုင်ပြီး ၎င်းတို့၏ အားလပ်ချိန်ကို ကုန်ဆုံးနိုင်သည့် လူမှုအဖွဲ့အစည်းနှင့် သတ်မှတ်ထားသောနေရာတစ်နေရာရှိ လူတစ်ဦးချင်းစီအားလုံးတွင် ချို့ယွင်းမှုရှိသော သီးသန့်နေရာတွင် ပေးသော လူမှုအဖွဲ့အစည်းအခြေပြုဝန်ဆောင်မှုများ

အများနည်းတူ အလုပ်ခန့်အပ်ရေး - အပိုအကူအညီမလိုသော လူမှုအဖွဲ့အစည်းအတွင်းရှိ အလုပ်နေရာများတွင် ရှာဖွေနိုင်သော အလုပ်အကိုင်

CRP - လူမှုအဖွဲ့အစည်းပြန်လည်ထူထောင်ရေးပူးပေါင်းပါဝင်မှု (သင့်တော်သည်ဟု ယူဆပါက အရွယ်ရောက်သူစနစ်များမှ ဝန်ဆောင်မှုပေးသူများသည် ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီအား ၎င်းတို့ကျောင်းထွက်ပြီးနောက် ဝန်ဆောင်မှုများနှင့် ထောက်ပံ့မှုများကို ပေးနိုင်သည်)

DDA - ဖွံ့ဖြိုးမှုပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိသူများစီမံခန့်ခွဲရေး

DORS - ပြန်လည်ထူထောင်ရေးဝန်ဆောင်မှုများဌာနခွဲ

DLLR -အလုပ်သမား၊လိုင်စင်ထုတ်ပေးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးဌာန

DSS - လူမှုရေးဝန်ဆောင်မှုများဌာန

ရရှိနိုင်ခွင့် - သီးခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းဖြင့် ဝန်ဆောင်မှုများကို ရရှိနိုင်သည်

ခံစားပိုင်ခွင့် - ဝန်ဆောင်မှုများကို အာမခံသည်

အုပ်ထိန်းမှု - သိသာထင်ရှားသောချို့ယွင်းမှုရှိသည့်အရွယ်ရောက်သူအတွက် တတိယပါတီသို့ ဆုံးဖြတ်ချက်ချပိုင်ခွင့်ကို ခွင့်ပြုသည့် တရားဝင်စီမံဆောင်ရွက်ချက် (ဥပမာ - မိဘများအား ၎င်းတို့ကလေး၏ ဘဏ္ဍာငွေများအပေါ် ဆုံးဖြတ်ချက်ချပိုင်ခွင့်ပြုသည်။)

IDEA - ချို့ယွင်းမှုရှိသူများတစ်ဦးချင်းပညာရေးအက်ဥပဒေ - အထူးပညာရေးကို ချုပ်ကိုင်ထားသော ဗဟိုအစိုးရစည်းမျဉ်းစည်းကမ်းများ

IEP - တစ်ဦးချင်းပညာရေးပရိုဂရမ်

အကျိုးအမြတ်ဖန်တီးလုပ်ဆောင်မှုများ - နှုတ်ဖြင့်၊ စာဖြင့် သို့မဟုတ် ကွန်ပျူတာဖြင့် လေ့ကျင့်မှုများသည် လူတစ်ယောက်အား ၎င်းတို့ပြုလုပ်လိုသည့်အရာများနှင့် ၎င်းတို့ပါဝင်လိုသည့်လုပ်ဆောင်ချက်များအပေါ် မူတည်၍ ၎င်းတို့အတွက် မည်သည့်အလုပ်များသည် သင့်တော်ကြောင်း ခွဲခြားသတ်မှတ်ပေးနိုင်သည်

IEP - အလုပ်အကိုင်အတွက် တစ်ဦးချင်းအစီအစဉ်

MA - ဆေးကုသမှုဆိုင်ရာ အကူအညီ

MTA - မေရီလန်းကူးပြောင်းရေးစီမံခန့်ခွဲမှု

Pre-ETS - အလုပ်သမားအင်အားဆန်းသစ်ပြောင်းလဲမှုနှင့် အခွင့်အလမ်းအက်ဥပဒေလက်အောက်ရှိ ကြိုတင်အလုပ် အကိုင်ကူးပြောင်းရေးဝန်ဆောင်မှုများ (WIOA)

ကိုယ်တိုင်ထောက်ခံအားပေးမှု - တစ်ဦးတစ်ယောက်အတွက် လိုအပ်သောဝန်ဆောင်မှုများကို ရယူခြင်းလုပ်ငန်းစဉ်

ကိုယ်ပိုင်ဆုံးဖြတ်ချက် - တစ်ဦးတစ်ယောက်၏ ဦးစားပေးမှုများ၊ စိတ်ဝင်စားမှု၊ စွမ်းဆောင်ရည်များနှင့် လိုအင် ဆန္ဒများဖြင့် လုပ်ဆောင်ချက်များအား ရေးဆွဲခြင်းနှင့် ဆောင်ရွက်ခြင်းကို အဓိကအလေးထားသည့်လုပ်ငန်းစဉ်

SGA - အလုံအလောက်အကျိုးရရှိသောလုပ်ဆောင်ချက်

SSA - လူမှုဖူလုံရေးစီမံခန့်ခွဲမှု

SSDI - ချို့ယွင်းမှုရှိသူအတွက် လူမှုဖူလုံရေးအာမခံ

SSI - အပိုအာမခံဝင်ငွေ

VR - အလုပ်အကိုင်ပြန်လည်ရရှိရေး

WIOA - အလုပ်သမားအင်အားဆန်းသစ်ပြောင်းလဲမှုနှင့် အခွင့်အလမ်းအက်ဥပဒေ

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ 

# နောက်ဆက်တွဲ E

## *ကူးပြောင်းရေးလုပ်ငန်းစဉ် - အေဂျင်စီချိတ်ဆက်မှု*

ချို့ယွင်းမှုများရှိသော ကျောင်းသား/သူများသည် အလုပ်အကိုင်၊ တတိယအဆင့်ပညာရေး၊ လေ့ကျင့်ရေးနှင့် သီးခြား နေထိုင်မှု (သက်ဆိုင်ပါက) တွင် ၎င်းတို့၏ တတိယအဆင့်ရည်မှန်းချက်များကို ရရှိနိုင်ရန် အရွယ်ရောက်သူဝန်ဆောင် မှုများကို လိုအပ်နိုင်သည်။ အကျိုးရလဒ်အနေဖြင့် ကျောင်းသား/သူများနှင့် မိသားစုများသည် ဝန်ဆောင်မှုတွင် ကွာဟ ချက်များမရှိစေရန် ကျောင်းမထွက်မီ မှန်ကန်သောချိတ်ဆက်မှုများပြုလုပ်ရန် လိုအပ်သည်။ သင်၏ ခွင့်ပြုချက်နှင့် အတူ ကျောင်းကိုယ်စားလှယ်သည် ကျောင်းသား/သူအား သက်ဆိုင်ရာအေဂျင်စီများသို့ ချိတ်ဆက်ရာတွင် ကူညီပေးမည်။ ကျောင်းသားအား သင့်လျော်သည်ဟု ယူဆပါက လိုအပ်သောဝန်ဆောင်မှုများကို လက်ခံရရှိကြောင်း သေချာစေရန် လျှောက်တင်မှုလုပ်ငန်းစဉ်ကို အပြီးအစီးလုပ်ဆောင်ရန်မှာ ကျောင်းသား/သူနှင့် မိသားစု၏ တာဝန်ဖြစ်သည်။

ချို့ယွင်းသူများတစ်ဦးချင်းစီအတွက် ဆင့်ပွားကူးပြောင်းရေးစီမံကိန်းလမ်းညွှန်ချက်သည် အလားအလာရှိသော အရွယ်ရောက်သူဝန်ဆောင်မှုများဆိုင်ရာ အချက်အကို ဖော်ပြပေးသည်။ လမ်းညွှန်ချက်တွင် အေဂျင်စီရရှိနိုင်ခွင့်စံ သတ်မှတ်ချက်နှင့် သတ်မှတ်ထားသောချိတ်ဆက်မှုလုပ်ငန်းစဉ်ဆိုင်ရာ အချက်အလက်ပါဝင်သည်။ သင်သည် ကူးပြောင်းရေးလုပ်ငန်းစဉ်နှင့် အရွယ်ရောက်သူဝန်ဆောင်မှုများသို့ ချိတ်ဆက်မှုကို စတင်လုပ်ဆောင်ပါက ဤအသိပေးချက်သည် သင်နှင့် သင့်ကလေးအား အကူအညီဖြစ်စေမည်။

ချို့ယွင်းမှုရှိသူများတစ်ဦးချင်းစီအတွက် ဆင့်ပွားကူးပြောင်းရေးစီမံကိန်းလမ်းညွှန်ချက်အား သုံးသပ်ချက်သည် သက်ဆိုင်ရာအေဂျင်စီချိတ်ဆက်မှုလုပ်ငန်းစဉ်တွင် ပထမအဆင့်ဖြစ်သည်။ လမ်းညွှန်ချက်တွင် အကူအညီအတွက် မှန်ကန်သောအေဂျင်စီကို ရရှိနိုင်ရန် လိုအပ်သောအချက်အလက်ကို ဖော်ပြပေးသည်။ သင့်ကျောင်းသား/သူ၏ ကျောင်းဝန်ထမ်းသည် လျှောက်တင်မှုလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ဒေသခံဆက်သွယ်ရေးအချက်အလက်ကို ပေးနိုင်သည်။

ချို့ယွင်းမှုရှိသူတစ်ဦးချင်းစီအတွက် ဆင့်ပွားကူးပြောင်းရေးစီမံကိန်းလမ်းညွှန်ချက်အားလက်ခံရရှိမှုသည် အရွယ်ရောက်သူဝန်ဆောင်မှုများအေဂျင်စီများနှင့် ကနဦးချိတ်ဆက်မှုကို လုပ်ဆောင်ပေးသည်။ ဤလမ်းညွှန်ချက်အား ဖြန့်ဝေခြင်းသည် ကူးပြောင်းရေးစီမံကိန်းလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး ဤလျှောက်လွှာပေါ် ရှိ သင့်လက်မှတ်သည် လမ်းညွှန်ချက်အား သင်လက်ခံရရှိမှုကို အတည်ပြုမည်။

ကျောင်းသား/သူအမည်-

ရက်စွဲ-

ဒေသဆိုင်ရာကျောင်းပညာရေးစနစ်-

ကျောင်းသား/သူလက်မှတ် -

မိဘလက်မှတ်-

© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ 

# မေရီလန်းရှိ ဆင့်ပွားကူးပြောင်းရေးစီမံကိန်းအကြောင်းပိုမိုသိရှိလိုပါက-

**မေရီလန်းပြည်နယ်ဆင့်ပွားကူးပြောင်းရေးအဖွဲ့သို့ ဆက်သွယ်ရန် -**

မေရီလန်းပြည်နယ်ပညာရေးဌာန
အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများဆိုင်ရာ ဌာနခွဲ
200 အနောက်ဘက်ဘဲလ်တီမိုးလမ်း
ဘဲလ်တီမိုး၊ မေရီလန်း 21201
410-767-0244 ဖုန်း
410333-8165 ဖက်စ်



© မေရီလန်းပြည်နယ်ပညာရေးဌာန၊ အစောပိုင်းကာလကြားဝင်ဖြည့်စွက်ကူညီမှုနှင့် အထူးပညာရေးဝန်ဆောင်မှုများရေးရာဌာနခွဲ

MARYLAND STATE DEPARTMENT OF
EDUCATION
EQUITY AND EXCELLENCE

မေရီလန်းပြည်နယ်ပညာရေးဌာန

2020 ဧပြီလတွင် ပြန်လည်ဆန်းစစ်သည်